

# သူများကိုညွှန်ခံမနေနဲ့

# ကိုယ့်အလုပ်သာ ကိုယ်ကြိုးစား

၁၈၉

ဟောကြားသည့်နေ့

( ၁၇ - ၂ - ၆၁ )

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# သူများကို ညွှန်ခံမနေနဲ့
# ကိုယ့်အလုပ်သာ ကိုယ်ကြိုးစား

ဟောကြားသည့်နေ့
(၁၇-၂-၁၉၆၁)

စာမူခွင့်ပြုချက် အမှတ်　-　(၄၂၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် -　(၃၈၆)

**ထုတ်ဝေသူ**　ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ**　ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသော တရားတော်

# သူများကို ညွှန်ခံမနေနဲ့ ကိုယ့်အလုပ်သာ ကိုယ်ကြိုးစား

ဟောကြားသည့်နေ့ (၁၇-၂-၆၁)

တရားနာတယ် တရားနာတယ်ဆိုတာ ဒကာ ဒကာမတို့ အားထုတ်ဖို့ ရည်ရွယ်ချက် ထားပြီးတော့ နာကြပါဆိုတာ ဘုန်းကြီးက မေတ္တာရှေ့ထားပြီး ပြောနေတယ်။

## အားထုတ်မှရမည့်တရား အားထုတ်ယူပါ

အားထုတ်မှရမယ့်တရားကို အားထုတ်ပြီးယူကြပါဆိုတဲ့ ဥစ္စာကို သတိပေးရပါတယ်. . . (မှန်ပါ့)။

အားမထုတ်ဘဲနဲ့တော့ဖြင့် ကိုယ့်ခန္ဓာအကြောင်း ကိုယ်ကောင်းကောင်းသိမယ်မဟုတ်ပါဘူး. . . (မသိပါဘုရား)။

အဲဒီတော့ အားထုတ်ပြီးသကာလ ကိုယ့်ခန္ဓာကိုကြည့်ကြပါဆိုတာ တစ်နေ့ တစ်ခုတစ်ခုပြောပေးတယ်. . . (မှန်ပါ့)ဘယ်လိုပြောသလဲလို့မေးတော့ မနေ့က လျှာပေါက်ကို ပြောပေးလိုက်တယ်။

## ကိုယ်ပေါ်မှာပေါ်တတ်တဲ့တရားတွေ

ယနေ့တော့ဖြင့် ဒကာ ဒကာမတွေ ကိုယ်ပေါက်ကိုပြောရလိမ့်မယ်၊ ကိုယ်ပေါ်မှာ ပေါ်တတ်တဲ့တရားတွေကို ပြောရလိမ့်မယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ၏ ခန္ဓာကိုယ်သည် နူးနူးညံ့ညံ့ကလေးကိုင်မိမယ်၊ နူးနူးညံ့ညံ့ကလေး ခြုံမိမယ်, ရုံမိမယ်ဆိုလို့ရှိရင် ဖြင့်တဲ့, ကိုယ်ပေါ်မှာ သုခစိတ်ကလေး ပေါ်တယ်လို့ မှတ်လိုက်စမ်းပါနော်. . . (မှန်ပါ့)။

နူးညံ့တာကလေး ခြုံမိမယ်၊ နူးညံ့တာကလေး ကိုင်မိ, တွယ်မိမယ်ဆိုရင် ကိုင်တဲ့တွယ်တဲ့ နေရာမှာ ခြုံ,ရုံထိတဲ့နေရာမှာ သုခစိတ်ကလေး မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒါ "သုခ သဟဂတံ ကာယဝိညာဏံ" ပဲ၊ "ကာယဉ္စ ပဋိစ္စ ဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယဝိညာဏံ" ဆိုတဲ့ ပါဠိတော်ကတော့ ဒီအတိုင်းလာတာပဲ. . . (မှန်ပါ့)။

အဲဒီလာတာ အသာထားပြီးသကာလ၊ ငြော် တို့နူးနူးညံ့ညံ့နဲ့ ကိုယ်ထိလိုက်တဲ့အခါကျလို့ရှိရင်ဖြင့်၊ ထိတဲ့နေရာမှာ ကောင်းစိတ်ကလေး ပေါ်တယ်၊ မပေါ်ကြပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## သုခစိတ်လို့မှတ်လိုက်

အဲ. . . ထိတဲ့နေရာ ကောင်းစိတ်ကလေးပေါ်တော့ ငြော် ဒါဟာ သုခစိတ်ပါကလားလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)။

တစ်ခါတလေ ကျလာပြန်တော့လည်း ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ခဲကလေးနင်းမိတာနဲ့၊ အင်း ကျောပေါ်မှာ ခဲကလေးကျလာတာနဲ့၊ နေပူ့, လေပူကလေးက ဟပ်ပြီးသကာလ လာတာနဲ့ဆိုတော့ ကျောပေါ်မှာလည်း စပ်ဖျဉ်းဖျဉ်းဆိုတော့ တစ်ခါတလေကျတော့ ဒကာ ဒကာမတွေ နေပူ လေပူက ထိလိုက်တော့၊ ကိုယ်ပေါ်မှာ တစ်ကိုယ်လုံး ပြင်းထန်တဲ့နေရာမှာ ဒုက္ခစိတ်ကော မပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေကိုယ်ပေါ်မှာ ဒုက္ခစိတ်, သုခစိတ် တိုက်ဆိုင်သလို ပေါ်လိမ့်မယ်ဆိုတာ မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ့ဘုရား)။

## ဒုက္ခစိတ်၊ သုခစိတ်

အဲဒီ ဒုက္ခစိတ်, သုခစိတ်က ဦးခင်မောင်ရေ. . . ဘယ့်နှယ်ကြောင့်ပေါ်လာပါလိမ့်မတုံးလို့မေးတော့၊ တွေ့တဲ့အာရုံက ကြမ်းလို့ရှိရင် ဒုက္ခစိတ် ကိုယ်ပေါ်မှာပေါ်တယ်နော်. . . (မှန်လှပါ)၊ တွေ့တဲ့အာရုံက နူးညံ့ရင် (သုခစိတ်ပေါ်ပါတယ်ဘုရား)၊ သုခစိတ်ပေါ်တယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ လေးစားစွာနဲ့ မှတ်ထားပါ။

အဲဒီတော့ အဲဒါကလေးသည်ကားဆိုရင်ဖြင့် စိတ်ကလေးပဲ၊ သုခသဟဂုတ် ကာယဝိညာဏ်စိတ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်လို့ ဘုရားကလည်း ဟောထားတယ်၊ ဟောထားတာ အသာထား၊ ကိုယ့်ဉာဏ်တွေ့ဖို့ အရေးကြီးတယ်နော် . . . (မှန်လှပါဘုရား)။

## ပေါ်တိုင်းပေါ်တိုင်း သတိထားပေး

အဲဒီစိတ်ကလေးပေါ်တိုင်း, ပေါ်တိုင်း ဒကာ ဒကာမတွေ ဒါ သုခစိတ်ပါကလား၊ ဒါ ဒုက္ခစိတ်ပါကလားဆိုတာကလေးကို ပေါ်တိုင်း ပေါ်တိုင်း သတိထားပေးပါတဲ့၊ စိတ္တာနုပဿနာ ဝိပဿနာ ရှုရအောင်လို့ ဤမျှလောက် သေသေချာချာပြောပြီး ပေးနေရတယ်ဆိုတာ ဒကာသစ်တို့ ရိပ်မိပါရော့မယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒီဟာကလေးဟာက သုခစိတ်, ဒုက္ခစိတ်ဆိုတာ ဒီဘဝမှာလည်း အကြောင်းမကင်းဘူး၊ နောက်ဘဝကလည်း အကြောင်းမကင်းဘူးဆိုတာ ဦးခင်မောင်တို့ မှတ်လိုက်စမ်းပါ . . . (မှန်လှပါဘုရား)။

## အကြောင်းတရားမကင်းတဲ့စိတ်တွေ

နောက်ဘဝက အကြောင်းတော့ သူက နောက်ဘဝက အကြောင်းတရားလည်း မကင်းဘဲနဲ့ ပေါ်ရတဲ့ သုခစိတ်ကလေး နော်. . . (မှန်ပါ့)၊ နောက်ဘဝ အကြောင်းတရားမကင်းဘဲနဲ့ ပေါ်ရတဲ့ဒုက္ခစိတ်ကလေးဆိုတာကော သဘောကျကြပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ်ပေါ်မှာ ဒကာ ဒကာမတွေက မှတ်ထားစမ်းပါ၊ ယားတယ်, ယံတယ်ဆိုရင်ဖြင့် ဘာစိတ်ခေါ်ကြမယ် . . . (ဒုက္ခစိတ်ပါဘုရား)၊ ဒုက္ခစိတ်ခေါ်တယ်နော်. . . (မှန်ပါ့)။

ကောင်းတယ်လို့ ခံသာတဲ့စိတ်ကလေး ပေါ်လာတော့ ဘာဆိုကြမယ်. . . (သုခစိတ်ပါဘုရား)။

အင်း. . . ကိုယ်ပေါ်မှာတော့ သုခစိတ်, ဒုက္ခစိတ် အချိုးကျ အာရုံနဲ့ထိလို့ ထိသလိုပဲ ပေါ်တတ်ပါတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားလိုက်တာပေါ့. . . (မှန်ပါ့ဘုရား)။

အဲဒီပေါ်စိတ်ကလေး ပေါ်လို့ရှိရင်ဖြင့် "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတဲ့အတိုင်း ဒီဟာကလေးနဲ့ ထိချင်တဲ့သဘော ခံစားချင်တဲ့သဘော မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဖဿပစ္စယာ ဝေဒနာ. . . (မှန်ပါ့)။

ခံစားချင်ပြီးသကာလ ဒီဥစ္စာကလေးကို ကြမ်းတာဖြစ်လို့ရှိရင် ကြမ်းတဲ့စိတ်ကလေးပေါ်လာလို့ရှိရင် ဒီကနေ ဒေါသဖြစ်ပါတယ်. . . (မှန်ပါ့)၊ ဒီက ဘာဖြစ်ပါလိမ့်, ကြမ်းတဲ့စိတ်ကလေး မဟုတ်ပါလား. . . (မှန်ပါ့)။

ဒီမှာကြည့် ကြမ်းတဲ့စိတ်နဲ့ တွေ့လိုက်လို့ ဒုက္ခစိတ်ပေါ်ရင် ဦးခေါင်းမောင်ရေ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပေါ်လာတယ်နော်. . . (မှန်လှပါ)။

ကဲ. . . ဒါဖြင့် ဝေဒနာပစ္စယာ ဒေါသဆိုတဲ့ ဒုက္ခဝေဒနာကော မပေါ်တတ်ဘူးလား. . . (ပေါ်တတ်ပါတယ်ဘုရား)၊ ဒေါသလည်း ပေါ်တတ်တယ်. . . (မှန်ပါ့)။

နောက်တစ်ခါ ကောင်းတဲ့စိတ်ကလေး ပေါ်လာမယ်၊ ကိုယ်ပေါ်မှာ နူးနူးညံ့ညံ့နဲ့ တွေ့ရတဲ့စိတ်ကလေး ပေါ်လာမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ လောဘ ပေါ်ပါတယ်. . . (မှန်ပါ့)၊ ထိတာမှ ထိမှန်းမသိရင် ဒီနေရာမှာ မောဟပေါ်တယ်လို့ မှတ်လိုက်ပါ . . . (မှန်ပါ့)။

## ပဋိစ္စသမုပ္ပါဒ်သုံးမျိုး

ဒီနေရာ ဘယ်နှစ်မျိုးပေါ်နိုင်သတုံး. . . (သုံးမျိုးပေါ်နိုင်ပါတယ်) လောဘလည်း ပေါ်နိုင်တယ်၊ ဒေါသကော. . . (ပေါ်နိုင်ပါတယ်) မောဟကော. . . (ပေါ်နိုင်ပါတယ်ဘုရား)။

ပေါ်နိုင်တော့ ဒီလို ယူလိုက်တာပေါ့ ဗြော်. . . ဒီနေရာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ထွက်နိုင်တဲ့နေရာပါကလားဆိုတာ၊ ဒကာဒကာမတွေ ယနေ့ အထူးကလေးမှတ်ပါဦး၊ နည်းနည်း နည်းနည်းတိုးပေးသွားရတယ်နော်. . . (မှန်လှပါဘုရား)။

## လောဘတဏှာ

ဒီထက် တဘက်ခြုံထည်ရုံထည်ကလေးက နူးနူးညံ့ညံ့ဖြစ်နေမယ်၊ နွေးနွေးကလေးဖြစ်နေမယ်ဆိုလို့ရှိရင်ဖြင့် ထိတယ်ခံစားတယ်၊ သဘောကျတယ်ဆိုတဲ့ တဏှာ, မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

ဒကာသစ် ဒီအာရုံက ထိရတာ ကိုယ်ပေါ်မှာ ကြမ်းတမ်းတဲ့ ဒုက္ခစိတ် ပေါ်မယ်ဆိုလို့ရှိရင် ဒီကနေ ဒေါသကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

## ဒေါသ

အင်း. . . ခုနက လောဘလာပြီးပြီ၊ အခု ဒေါသလာတယ်၊ ဒီကြမ်းတမ်းတာနဲ့ ထိလိုက်တာတောင်မှ ဒကာ ဒကာမတွေက မသိလိုက်တဲ့အခါကော. . . မပါဘူးလား. . . (ပါ,ပါတယ်ဘုရား)။

## မောဟ

မသိလိုက်တဲ့အခါကျတော့ မှတ်လိုက်စမ်းပါတဲ့ မောဟတဲ့. . . (မှန်ပါ့ဘုရား)၊ မသိတာ ဘယ်လိုဆိုကြမယ်. . . (မောဟပါဘုရား)၊ မောဟလို့ မှတ်ထားလိုက်စမ်းပါလို့ဆိုတာ မောင်ထွန်းလှိုင်တို့ ရိပ်မိပြီ. . . (ရိပ်မိပါပြီ)၊ ဒါဖြင့် ဒီနေရာ လမ်းခွဲပေါ့. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီကချွဲထည်, ရုံထည်တွေနဲ့ ထိလိုက်တဲ့အခါကျတော့ သိတဲ့အာရုံတွေက နူးနူးညံ့ညံ့ဖြစ်နေတော့ ဖဿ, ဝေဒနာ တဏှာ မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အလယ်ကာစ

အဲဒီကျတော့ ပဋိစ္စသမုပ္ပါဒ် အလယ်ကာစ,တယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊ ဘယ်က စ,သလဲ. . . (အလယ်

က စ,ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် တဏှာ, ဥပါဒါန် ကံဘက် သွားတယ်နော်. . . (မှန်ပါ့)၊ ဘယ်ကနေ စ,ပါလိမ့်. . . (အလယ် က စ,ပါတယ်ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ဥစ္စာကလည်း ဒကာ ဒကာမတို့ သေသေချာချာပြောရမှာဖြင့် ဒကာ ဒကာမတို့သည် သံသရာဖြစ် ကြောင်း စ,တာပဲဆိုတာ မှတ်ရလိမ့်မနော်. . . (မှန်ပါ့)။

## သံသရာအစ အဝိဇ္ဇာတဏှာက

သံသရာအစ အဝိဇ္ဇာတဏှာကဆိုတော့ ဒီနေရာမှာ တဏှာက စ,တာ. . . (မှန်ပါ့ဘုရား)၊ ဘာကစပါလိမ့်. . . (တဏှာက စ,ပါတယ်ဘုရား)၊ ကြည့်လေ. . . နူးညံ့တဲ့အာရုံ ကလေးနဲ့ကြည့်လိုက်တော့ ကောင်းစိတ်ကလေး မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)၊ အဲ. . . "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတော့ ဖဿ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ပြီးတော့ ဖဿပစ္စယာဝေဒနာဆိုတဲ့ ခံစားတတ်တဲ့ ဝေဒနာကလေး မလာဘူးလား. . . (လာပါတယ်ဘုရား)၊ ဝေဒနာပစ္စယာတဏှာဆိုတော့ ဒကာ ဒကာမတို့ ဒါ သံသရာ အစ ပေါ်လာပြီ. . . (မှန်ပါ့)၊ ဦးခင်မောင် ဘာပေါ်ပါလိမ့်. . . (သံသရာအစပေါ်လာပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ သံသရာအစ အဝိဇ္ဇာတဏှာကကွဆိုတော့၊ ဒီမှာ ဒကာ ဒကာမ တို့ သူက ပြောထားတာတော့ သေချာပါတယ်တဲ့၊ သို့သော် ဒကာ ဒကာမတွေ ဉာဏ်ထဲ ထင်အောင်ကျတော့ ဘုန်းကြီးတို့က သေသေချာချာပြရတဲ့အတွက်၊ တဏှာကလေးဟာ သတ္တဝါအစ ဖြစ်လာတယ်၊ နောက်ဘဝ၏ အစလို့ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

မယုံလို့ရှိရင် တဏှာက ဆက်ကြည့်၊ တဏှာ ပစ္စယာ . . . (ဥပါဒါန်ပါ) ဥပါဒါနပစ္စယာ. . . (ကမ္မဘဝ)။

ဟော. . . ကမ္မဘဝဆိုတော့ ဒီကံတွေဟာ ဒကာ ဒကာမတို့ နောက်ဘဝအစ ခန္ဓာပေါ် အောင် အလုပ် မလုပ်ပေဘူးလား လုပ်မလား. . . (လုပ်ပါတယ်ဘုရား)၊ ခန္ဓာပေါ် အောင် လုပ်လိမ့်မယ်ဆိုတာ သေချာကြပလား. . . (သေချာပါတယ် ဘုရား)။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေစ,ပါလိမ့်၊ ဒီကနေ သုခဝိညာဏ်ကလေးပေါ် လိုက်တာ ပဋိစ္စသမုပ္ပါဒ် ဦးခင်မောင်တို့အားလုံး စဉ်းစားကြပါ၊ ဒကာ ဒကာမတို့ ပဋိစ္စ သမုပ္ပါဒ်အလယ်က ဖောက်စ,တယ်. . . (မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးရှိတာကိုးနော်. . . (မှန်ပါ့)။

## အလယ်ကနေစလိုက်တယ်

ဒါ. . . ဘယ်ကနေ စ,လိုက်ပါလိမ့်. . . (အလယ်ကနေ စလိုက်ပါတယ်ဘုရား)။

အလယ်ကစ,တယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ပါ။ ဪ. . . ဒါဖြင့် ဒီအလယ်ကစ,လိုက်တော့ တဏှာ, ဥပါဒါန် ကံရယ်လို့ သူတို့က ခွဲလို့မရတော့ဘူး၊ သုံးမျိုးပေါ်လာတယ်. . . (မှန်ပါ့)။

သုံးမျိုးပေါ်လာတဲ့အခါကျတော့ ဒကာ ဒကာမတွေ ဟိုဘက်မှာ ဇာတိ, ဇရာ, မရဏကို တပည့်တော်တို့ မတွေ့ချင်ပါဘူးဘုရား၊ ကြောက်လှချည်ရဲ့, ရွံ့လှချည်ရဲ့ မုန်းလှချည်ရဲ့ ဆိုစေကာမူ ဒါ လုပ်ပြီးရင် တွေ့ရမယ်. . . (မှန်ပါ့)။

ဒါ လာပြီးလို့ရှိရင် မတွေ့ပါနဲ့ဆိုလို့. . . (မရပါဘုရား) သဘောမကျလား. . . (ကျပါပြီ)။

ဒါ. . . ပဋိစ္စသမုပ္ပါဒ်မှာ ကိုယ်ပေါက်ကနေပြီးသကာလ ဦးခင်မောင် ပဋိစ္စသမုပ္ပါဒ် အလယ်ကျတော့ကိုတဲ့ ပဋိစ္စ သမုပ္ပါဒ်မှာ အလယ်ကနေ ဖောက်စ,တယ်ဆိုတာ သဘောကျပလား . . . (မှန်ပါ့)၊ တဏှာက ဖောက်စ,လာတယ်နော်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် တစ်မျိုးပဲစ,ကြပါဦးစို့ ကိုယ်ပေါ်မှာဖြစ်ရတာက ကြမ်းကြမ်းထော်ထော်ကလေး၊ ကြမ်းကြမ်းထော်ထော်နဲ့ တွေ့ရတော့ ကြမ်းတမ်းတာကိုခံစားတဲ့ဝေဒနာကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

အဲဒီ ဝေဒနာပေါ်လာရင် စိတ်ကလေးက ကျေနပ် သလား၊ မကျေနပ်ဘူးလား. . . (မကျေနပ်ပါဘုရား)၊ မကျေနပ် တော့ ဒေါသက စ,ဖြစ်တယ်. . . (မှန်ပါ့ဘုရား)၊ မစ,ဘူးလား . . . (စ,ပါတယ်ဘုရား)။

## အဆုံးကပြန်ဆက်တယ်

အဲ. . . ဒေါသက စ,တော့ ဒေါသ, သောက, ပရိဒေဝ, ဒုက္ခ ဥပါယာသ အစရှိသည်ဖြင့်လာတော့ ဒီထဲမှာ ဒကာ ဒကာမတို့ အဝိဇ္ဇာက ပါလာပြန်တော့၊ ဒကာ ဒကာမတို့ ပဋိစ္စ သမုပ္ပါဒ် အဆုံးကနေ ပြန်မဆက်ဘူးလား. . . (ဆက်ပါတယ် ဘုရား)။

အဆုံးက ပြန်ဆက်တော့ကိုး၊ ဩော်. . . ကြမ်းကြမ်း တမ်းတမ်း အာရုံနဲ့ပေါ်ပြန်တော့လို့ရှိရင် တို့ သံသရာရှည်သွား ပြန်ပြီ. . . (မှန်ပါ့ဘုရား)၊ ကိုမြရွှေတို့, ဦးဇံရင်တို့ ဆိုနိုင်ကြရဲ့လား . . . (ဆိုနိုင်ပါတယ်ဘုရား)၊ ကြမ်းတမ်းတဲ့အာရုံနဲ့ တွေ့ပြန်တော့ ဒေါသက လာသကိုးဗျ. . . (မှန်ပါ့)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဘယ်ကနေပြီးသကာလ ပြန် ပတ်ပြန်ပါလိမ့်မလဲမေးရင် ဘယ့်နှယ်ဖြေကြပါ့မယ်. . . (အဆုံး ကနေ ပြန်ပတ်ပါတယ်ဘုရား)။

အဆုံးကနေ ပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ကျေနပ်ပါ ပလား. . . (ကျေနပ်ပါပြီ)။

## အစကစတာပြမယ်

ကောင်းပြီ ဒါဖြင့် အစကနေ စ,တာပြပါဦးမယ်တဲ့၊ ဒီကာယဝိညာဏ် ကိုယ်စိတ်ကလေးပေါ်တယ်၊ ဖဿပေါ်တယ်၊ ဝေဒနာပေါ်တယ် ကိုယ်စိတ်ကလေး ပေါ်တာတောင်မှ ဒကာဒကာမတွေက မသိလိုက်တော့ဘူးတဲ့၊ မသိတဲ့အခါတွေဟာ များနေတယ်. . . (မှန်ပါ့)၊ မများပေဘူးလား. . . (များပါတယ်)၊ မသိတာက ဘယ်သူပါလိမ့်. . . (အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ကနေပြီး ပဋိစ္စသမုပ္ပါဒ် အစကနေ မစဘူးလား. . . (စ,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒါ. . . ဝိပဿနာဉာဏ်နဲ့ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ မဖြတ်ရင်တော့ဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ သုံးမျိုးစလုံး စ,ချင်ရာက စ,လိမ့်မယ်ဆိုတာကို ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ခင်ဗျားတို့က ကျုပ်တို့ဘာကိစ္စရှိသတုံး၊ ကျုပ်တို့ ဘယ်ဟာမှလည်း မခိုး၊ ဘယ်ဟာမှလည်း မဝှက်ဘဲနဲ့ ကျုပ်တို့ဟာကျုပ်တို့ ကောင်းအောင်နေတာပဲလို့ဆိုရင် ဟောဒါ ကောင်းအောင်နေလျက်နဲ့ လာတဲ့ပဋိစ္စသမုပ္ပါဒ် . . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘယ်လိုနေလို့ လာတာပါလိမ့်. . . (ကောင်းအောင်နေလို့ လာတာပါဘုရား)။

## ဝိပဿနာကျတော့ ဗွက်ပေါက်နေတယ်

ခင်ဗျားတို့ပြောတာက တစ်မျိုးကို ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ကျုပ်ကောင်းအောင်နေတာပဲ၊ မခိုးပါဘူး၊ မဝှက် ပါဘူး၊ သေရည်သေရက် မသောက်ပါဘူး၊ သူ့သားမယား မပြစ် မှားပါဘူး၊ အို. . . အဲဒါ သီလပြောနေတာ မောင်ထွန်းလှိုင်တို့ မောင်ကိုတို့ရ. . . (မှန်ပါ့ဘုရား)။

ဒါက ဝိပဿနာကျတော့ ဗွက်ပေါက်နေတယ်တဲ့၊ ဒီမှာ သုံးခုတောင်နေတယ်. . . (မှန်ပါ့)၊ မလာဘူးလား. . . (လာပါ တယ်ဘုရား)။

## သီလလေးလောက်နဲ့မနေကြနဲ့

အဲဒီတော့ သီလလေးလောက်ပြောပြီးသကာလ မနေ ကြပါနဲ့ဆိုတာကိုလည်း သတိပေးရတယ်နော်. . . (မှန်ပါ့ဘုရား)၊ သီလကလေးလုံခြုံရုံနဲ့ ဒီပဋိစ္စသမုပ္ပါဒ်က မဆက်တော့ဘူးလား မေးရင် ဘယ့်နှယ်ပြောကြမလဲ. . . (ဆက်ပါတယ်ဘုရား)။

ဆက်နေလို့ရှိရင် သံသရာမှာ ဟိုဘက် ဇာတိ, ဇရာ, မရဏ လာဦးမယ်ဆိုတာ ငြင်းဖို့လိုသေးသလား. . . (မလိုပါ ဘုရား)။

## ဝိပဿနာလုပ်ပါ

ဒါကြောင့် ခင်ဗျားတို့ သီလဆောက်တည်ပြီး ဝိပဿနာရှုပါဦး. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ သီလဆောက်တည်ပြီး ဒီအတိုင်းနေရမှာလား၊ ဝိပဿနာလုပ်ရဦးမှာလား. . . (ဝိပဿနာလုပ်ရဦးမှာပါဘုရား)၊ မလုပ်ရင် ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာမယ်. . . (မှန်ပါ့, သုံးမျိုးလာပါမယ်)။

သုံးမျိုးတစ်ခုခုလာရမယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်)၊ အဲဒါကလူမသိ သူမသိနဲ့ ခင်ဗျားတို့ သံသရာထဲမှာဒုက္ခရောက်တာ. . . (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ် မပါတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် အားလုံးတရားနာလာကြတဲ့ ဒကာ ဒကာမတွေ သိပ်ကြောက်စရာကောင်းတယ်နော်. . . (မှန်ပါ့)၊ မသိသေးလို့ သိအောင်ဖော်ပြောနေတယ်ဆိုတာကော ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)၊ သိလည်း သိပါပြီလား. . . (သိပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာကို ဒကာ ဒကာမတို့ ဝိပဿနာမဂ်, လောကုတ္တရာမဂ်နဲ့မှ ဒကာ ဒကာမတွေ ရဲရဲတင်းတင်းမဖြတ်တော့ပါဘူးဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်သုံးခု ခုနက ဒီနေရာမှာ ပေါ်ပုံပြလိုက်တဲ့ဥစ္စာ ဘယ့်နှယ်လုပ်ပြီး သူတို့ပြတ်မလဲ. . . (မပြတ်ပါဘုရား)၊ ပြတ်ပါဦးမလား. . . (မပြတ်ပါဘုရား)။

မပြတ်လို့ရှိရင်ဖြင့် သံသရာဆက်,မဆက်. . . (ဆက်ပါတယ်ဘုရား)၊ သံသရာဆက်မယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလာလိမ့်မယ်

အဲဒါကြောင့် ဒီနေရာမှာ လောဘက စ,တာပါတယ်၊ ဒေါသက စ,တာပါတယ်၊ မောဟက စ,တာပါတယ်ဆိုတာ သေချာကြပလား. . . (သေချာပါတယ်ဘုရား)။

အဲဒါက ဆဆက္ကသုတ်မှာ သေသေချာချာလာပါတယ်၊ ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ်မှာ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးမင်းတို့မရှုလို့ရှိရင် ဤအတိုင်း လာလိမ့်မယ်ဆိုတဲ့ ဥစ္စာ မသေချာသေးဘူးလား ဒကာ ဒကာမတို့. . . (သေချာပါတယ်ဘုရား)။

**အဲဒီတော့ ဒီလိုလုပ်ကြစို့ရဲ့. . . ဟောဒီ ပဋိစ္စသမုပ္ပါဒ် လောဘ, ဒေါသ, မောဟ၊ လောဘဆိုရင် ပဋိစ္စသမုပ္ပါဒ် အလယ်ကစ,ပြီ၊ ဒေါသဆိုရင် အဆုံးကနေ ပြန်ပတ်ပြီ၊ မောဟဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် အစ, ကစ,ပြီလို့ဆိုတာကော ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။**

ဩော်. . . သူတို့သာစ,လို့ရှိရင် ဒီဘက်ဇာတိ, ဇရာ, မရဏ ရှောင်လို့လွတ်ပါဦးမလား. . . (မလွတ်ပါဘုရား)၊ ဇာတိ, ဇရာ, မရဏ အကုန်လာတော့မယ်ဆိုတာ ဦးခင်မောင်. . . မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

## ဇာတိ ဇရာ မရဏတွေရမှာပဲ

တဏှာစ,ပေါ်လည်း ဇာတိ, ဇရာ, မရဏသွားရမှာပဲ . . . (မှန်ပါ့)၊ ဒေါသကစ,ပေါ်ကော. . . (ဇာတိ, ဇရာ, မရဏ သွားရမှာပါပဲ) ဇာတိ, ဇရာ, မရဏတွေ့ရမှာပဲ. . . (မှန်ပါ့ဘုရား)၊ မောဟကစ,ပေါ်ရင်ကော. . . (ဇာတိ, ဇရာ, မရဏ တွေ့ရမှာ ပါဘုရား)။

ဩော်. . . ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ ဒီလောဘ ဒေါသ မောဟ မသေသရွေ့ကာလပတ်လုံး ကျုပ်တို့ခင်ဗျားတို့မှာ ပဋိစ္စ သမုပ္ပါဒ် အစ,ပြတ်နိုင်ပါ့မလား. . . (မပြတ်နိုင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဒကာ ဒကာမတို့ ဟောဒါက ပဋိစ္စသမုပ္ပါဒ် အစ,ထားပါတော့ ဒါက ဒုက္ခက္ခန္ဓသ, အဆုံးထား ပါတော့. . . (မှန်ပါ့ဘုရား) သဘောကျပလား. . . (ကျပါပြီ)။

ပဋိစ္စသမုပ္ပါဒ်က အစ,က သုံးခု မရှိဘူးလား ဦးခင်မောင် . . . (ရှိပါတယ်ဘုရား)၊ ဒီသုံးခုသာ စ,လိုက်ရင် ဒီဘက်က ဒုက္ခက္ခန္ဓသ ဆိုတဲ့ ဒုက္ခအစု လာမလား၊ မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီက စ,လည်း ဒုက္ခအဆုံးပဲ၊ ဒီက စ,ရင်ကော . . . (ဒုက္ခပဲဆုံးပါတယ်)၊ ဒီ မောဟက စ,ရင်ကော. . . (ဒုက္ခပဲ ဆုံးပါတယ်)၊ ကဲ. . . မောင်ထွန်းလှိုင်တို့, မောင်ကိုတို့ ကျေနပ် ပလား. . . (ကျေနပ်ပါပြီ)၊ ဒါဖြင့် သူ မလာရင် သူ မဖြစ်ဘူးပေါ့ . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

တဏှာမလာလို့ရှိရင်လည်း ဇာတိ, ဇရာ, မရဏ. . . (မလာပါဘုရား)၊ ဒေါသ မလာလို့ရှိရင်လည်း ဇာတိ, ဇရာ, မရဏ . . . (မလာပါဘုရား)၊ မောဟ မလာလို့ရှိရင်လည်း. . . (မလာပါဘုရား)။

## ဝိပဿနာနဲ့ဖြတ်ရမယ်

ဇာတိ, ဇရာ, မရဏ မလာဘူးဆိုတော့ ဩော်. . . ဒါဖြင့် ဒီအကြောင်းကို ကျုပ်တို့ ဝိပဿနာနဲ့ဖြတ်ရလိမ့်မယ်. . . (မှန်ပါ့)၊ မဖြတ်ရပေဘူးလား. . . (ဖြတ်ရပါမယ်ဘုရား)။

အဲဒါ ကြပ်ကြပ်စဉ်းစားပြီးနားထောင်ပါဆိုတော့ ဘုန်းကြီးက ဒီကနေပြီး ရှင်းပေးတယ် ဒကာ ဒကာတို့ ဒီကြားထဲမှာ ဝိပဿနာမဂ်ကလေးသွင်းဖြစ်အောင်သွင်းပါဆိုတဲ့ဥစ္စာကို ဦးခင်မောင် တိုက်တွန်းရပြန်တယ်. . . (မှန်လှပါဘုရား)။

ဒကာ ဒကာမတွေ ဘာလုပ်ရပြန်တယ်. . . (တိုက်တွန်းရပြန်ပါတယ်ဘုရား)၊ တိုက်တွန်းရတယ်၊ ဘာမဂ်သွင်းထားပါလိမ့် . . . (ဝိပဿနာမဂ် သွင်းထားပါတယ်)၊ ဝိပဿနာမဂ်သွင်းမှသာ လျှင် ဟိုမဂ်က ခင်ဗျားတို့. . . လောကုတ္တရာမဂ်က လာမှာမှ မဟုတ်သေးဘဲ. . . (မှန်လှပါဘုရား)၊ လောကုတ္တရာမဂ်က လာပါ့မလား. . . (မလာပါ)၊ မလာဘူးတဲ့၊ ဝိပဿနာမဂ် ရှေ့သွားပြီး တော့မှ မောင်ထွန်းလှိုင်တို့, မောင်ကိုတို့ လာမယ်မဟုတ်လား . . . (မှန်လှပါဘုရား)။

ဝိပဿနာမဂ် ရှေ့မသွားဘဲနဲ့ လောကုတ္တရာမဂ်ကြီးက ဘွားခနဲ နောက်ကပေါ်နိုင်ပါ့မလား. . . (မပေါ်နိုင်ပါဘုရား)။

## အိမ်မှာဘာလုပ်နေကြပါလိမ့်

အဲဒါ စဉ်းစားကြည့်တော့မှ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဪ. . . တို့အိမ်နေတာ ဘာလုပ်နေကြပါလိမ့်မတုံး၊ တရားနှလုံးမသွင်းတဲ့အခါများ ဘာဖြစ်နေကြသတုံး၊ အို. . . ပဋိစ္စသမုပ္ပါဒ်သုံးမျိုး စ,နေတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဘာတွေစ,နေသတုံး. . . (ပဋိစ္စသမုပ္ပါဒ်သုံးမျိုး စ,နေပါတယ်ဘုရား)။

ခင်ဗျားတို့ကလည်း ဘယ့်နှယ်ကြောင့် ဒီလောက်စ,ချင်ရတာတုံး၊ အို. . . ဒုက္ခဖြစ်ချင်လို့ပေါ့၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘာဖြစ်ချင်လို့တုံး. . . (ဒုက္ခဖြစ်ချင်လို့ပါဘုရား)၊ ဘာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် စ,သတုံး. . . (ဒုက္ခဖြစ်ချင်လို့ပါဘုရား)။

ဘယ့်နှယ်ကြောင့် ပဋိစ္စသမုပ္ပါဒ် မထွက်သတုံးမေးတော့ မထွက်တတ်လို့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

မထွက်တတ်တော့ ခင်ဗျားတို့က စ,တော့ စ,တတ်တယ်၊ ဟုတ်လား. . . ထွက်တော့ မထွက်တတ်ဘူးဆိုတော့ ခင်ဗျားတို့သန္တာန်မှာတဲ့ ဒကာ ဒကာမတို့ အရေးကြီးတဲ့အချက်ကွယ်နေတယ်ဆိုလို့ရှိရင်ဖြင့် မောင်ထွန်းလှိုင်, မောင်ကိုတို့ လွဲပါ့မလား . . . (မလွဲပါဘုရား)။

## ဒုက္ခဖြစ်ကြောင်းတော့စတတ်တယ်

ဘာကွယ်နေတုံး. . . (အရေးကြီးတဲ့အချက် ကွယ်နေပါတယ်ဘုရား)၊ အရေးကြီးတဲ့အချက်ကို ကွယ်နေတာပဲ ဒကာ ဒကာမတို့ အပါယ်သွားကြောင်းတော့ ခင်ဗျားတို့က တဏှာကလည်း စ,လိုက်တယ်၊ ဒေါသကကော. . . (စ,ပါတယ်ဘုရား)၊ မောဟကကော. . . (စ,ပါတယ်ဘုရား)။

ဩော်. . . ဒကာ ဒကာမတွေ စ,လိုက်တော့ ဒါတွေက ဒုက္ခဖြစ်ကြောင်း၊ ဒုက္ခဖြစ်ကြောင်းတော့ ခင်ဗျားတို့က စ,တတ်တယ်၊ ဒုက္ခသိမ်းကြောင်းတော့ ခင်ဗျားတို့ မသိမ်းတတ်ဘူးဆိုလို့ ရှိရင်ဖြင့် ဒါ. . . ဘုန်းကြီးတို့မှ မကယ်ယူလို့ရှိရင်ဖြင့် ဦးခင်မောင် သွားပြီ. . . (မှန်လှပါဘုရား)၊ မသွားသေးဘူးလား. . . (သွားရပါတယ်ဘုရား)။

တောက်လျှောက်သွား. . . တောက်လျှောက်သွား ဒကာ ဒကာမတို့ ဘယ်သူတားလို့မှ မရဘူး၊ ဒီဥစ္စာ ဘုရားတားမရဘူး . . . (မှန်ပါ့)၊ မရနိုင်ဘူးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

## တရားနာတာသည် ကိုယ့်အရေး

ကောင်းပြီ ဒါဖြင့် ဩော်. . တရားနာတာ ဆရာဘုန်းကြီးအရေးလား, တို့အရေးလားဆိုတာ ခွဲကြစမ်းပါဦး. . . (တပည့်တော်တို့ အရေးပါဘုရား)။

ဒီ ဒကာ ဒကာမတွေ၏ အရေးနော်. . . (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတွေ၏အရေးပဲ၊ ဆရာဘုန်းကြီး အရေးက ဆရာဘုန်းကြီးဟာ ဆရာဘုန်းကြီးဖြတ်ယူမှရမှာ. . . (မှန်လှပါဘုရား) ဒီ ဒကာ ဒကာမတွေကတော့ ဖြတ်နည်းကို မသိလို့ အတင်းနေ့တိုင်းပြောနေရတာပဲ. . . (မှန်ပါ့)၊ မပြောလည်း တော်ပါ့မလား . . . (မတော်ပါဘုရား)။

ဒါ. . . မနေ့ကထက်ထူးပြီးပြောတာ ဦးခင်မောင်. . . ရိပ်မိပလား. . . ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပေါ်တယ်ဆိုတာ. . . (မှန်လှပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဘယ်နှစ်မျိုးပေါ်ပါလိမ့် . . . (သုံးမျိုးပေါ်ပါတယ်ဘုရား)၊ သုံးမျိုးပေါ်တယ်တဲ့၊ ဉာဏ်မသွင်းရင် သုံးမျိုးပေါ်တယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ဝိပဿနာဉာဏ် သွင်းကြစို့ဆိုတော့ သံယုတ်ပါဠိတော်က. . .

"ကာယဝိညာဏံ အနိစ္စတော ဇာနတော
ပဿတော သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ" တဲ့။

ဒါက မနေ့ကပါဠိနဲ့ တစ်ခုတည်း. . . (မှန်လှပါဘုရား)။

ကာယဝိညာဏံ (ပ) ဥပ္ပဇ္ဇတိ ဆိုတာ တစ်ခါတည်း သမ္မာဒိဋ္ဌိဖြစ်သတဲ့၊ မဂ္ဂင် လာဖြစ်တယ်ပြောတာ. . . (မှန်လှပါ)၊ သူ့ကိုဖြစ်ပျက်ရှုနိုင်လို့ရှိရင် ဒါတွေဟာ သမ္မာဒိဋ္ဌိလာဖြစ်တာပဲ . . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်ရင် မဂ္ဂင်ငါးပါးပေါ်တယ်

ဒီထဲကြည့်ပါလားသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဆိုတော့ မဂ္ဂင်တွေ ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်ဘုရား)။

အဲ ဖြစ်ပျက်ကိုမြင်လို့ရှိရင် တစ်ခါတည်း ဒီမဂ္ဂင်ငါးခုထဲက သမ္မာဒိဋ္ဌိခေါင်းဆောင်တဲ့ မဂ္ဂင်ပေါ်ပါတယ်လို့ ဘုရားက ဟောလိုက်တယ်. . . (မှန်ပါ့ဘုရား)၊ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)။

ဖြစ်ပျက်ကိုမြင်လိုက်ရင် သမ္မာဒိဋ္ဌိ ခေါင်းဆောင်တဲ့. . . (မဂ္ဂင်ငါးပါးပေါ်ပါတယ်ဘုရား)။

မဂ္ဂင်ငါးခု ပေါ်တယ်ဆိုတော့ ဒကာ ဒကာမတို့ သိတဲ့ အတိုင်းတဲ့. . . ဒီဖဿတွေ ဝေဒနာတွေ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဒီ. . . တဏှာက စ,မှာကော. . . (မလာနိုင်ပါဘုရား)။

ဒေါသက စ,မှာကော. . . (မလာနိုင်ပါဘုရား)။

မောဟက စ,မှာကော. . . (မလာနိုင်ပါဘုရား)။

မလာနိုင်တော့ ဒုက္ခဖြစ်ကြောင်း ချုပ်သွားပါတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဒုက္ခဖြစ်ကြောင်း ချုပ်တော့ ဒုက္ခဖြစ်ကျိုးသုံးခုကို ဒုက္ခက္ခန္ဓသကြီးလာပါဆိုလို့. . . (မလာ

ပါဘုရား) မလာတော့ဘူးဆိုတာ သေချာပလား. . . (သေချာပါတယ်)။

## တို့အရေးဟာဘာပါလိမ့်မတုံး

ဩော်. . . ဒါဖြင့် တို့အရေးဟာ ဘာပါလိမ့်မတုံးဆိုတော့ ကိုယ်ပေါ်မှာ နာတဲ့စိတ်ပေါ်လည်းဖြစ်ပျက်ရှုဖို့ပဲ၊ ကောင်းတဲ့ စိတ်ပေါ်လည်း . . . (ဖြစ်ပျက်ရှုဖို့ပါပဲဘုရား)။

အဲဒါမရှုဘဲမနေလိုက်ပါနဲ့၊ နာရင်စိတ်ပျက်တယ်ဆိုရင် နာလို့စိတ်ပျက်တယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ် အဆုံးက ပြန်စမယ်. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါပြီ)။

နာတာမသိလိုက်ဘူးဆိုရင် ပဋိစ္စသမုပ္ပါဒ် အစကနေပြန်စမယ်. . . (မှန်လှပါဘုရား)။

နာတာမသိလိုက်ရင် (အစကနေ ပြန်စ,ပါမယ်) အစကပြန်စ,တယ်၊ တယ်နာပါကလား "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" သွားဖြစ်တယ်. . . (မှန်ပါ့ဘုရား)။

နာတာကို စိတ်ပျက်နေလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ဘယ်ကနေစ, သတုံး. . . (အဆုံးကနေ စ, ပါတယ်ဘုရား)။

အို. . . နာတာကလေးပဲ သဘောကျနေတယ်လို့ဆိုရင်ဖြင့်ကော (အလယ်က စ, ပါတယ်ဘုရား) အလယ်ကနေစ, ပြန်တော့ ခင်ဗျားတို့က ဒီဘက်ဘာတွေရပါလိမ့်. . . (ဒုက္ခတွေရပါ တယ်ဘုရား)။

ဒုက္ခတွေရတယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး စ, လိုက်တဲ့အတွက် ဇာတိ, ဇရာ, မရဏတွေလွတ်ရေး, ကျွတ်ရေး မြင်ကြသေးရဲ့လား. . . (မမြင်ပါဘုရား)။

## အကြောင်းတရားပြတ်ပါမှ

ဒါ့ကြောင့်ဒကာ ဒကာမတို့ ဒီပဋိစ္စသမုပ္ပါဒ်အကြောင်းတရားပြတ်ပါမှ ကျုပ်တို့သည်ကား ဆိုလို့ရှိရင်ဖြင့် အကျိုးဒုက္ခသစ္စာတွေ ပြတ်ကြတော့မယ်ဆိုတာ မရှင်းကြသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)။

အကြောင်းသမုဒယတွေချုပ်မှ အကျိုးဒုက္ခတွေကုန်မည်ဆိုတာကော ဒကာ ဒကာမတွေ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

နားမလည်,လည်အောင် ထောင်ပါနော်. . . ဒါမှ နားမလည်သေးဘူးဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သံသရာမှာ မြုပ်သမားနဲ့မျောသမားက မထွက်တော့ဘူး. . . (မှန်လှပါဘုရား)။

အခုပြောတာတွေ နားမလည်ဘူး၊ တပည့်တော်တို့ ရှုလည်း မရှုတတ်ဘူးဆိုလို့ရှိရင်ဖြင့် ဘုန်းကြီးတို့ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က ခင်ဗျားတို့ ဆွဲဆောင်သွားမှာပဲ. . . (မှန်လှပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဆွဲဆောင်သွားတော့ကို အမြုပ်သမားရင်လည်း ဖြစ်ရမယ် . . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ) အမျှောသမားရင်လည်း. . . (ဖြစ်ရပါမယ်ဘုရား)။

## နားလည်အောင်လည်းထောင်ပါ

အဲဒီတော့ အမြုပ်သမား အမျှောသမားမှ လွတ်ချင်လို့ ရှိရင်ဖြင့် ဒီတရားကို နားလည်အောင်လည်းထောင်ပါ၊ ရှုလည်း ရှုပါ. . . (မှန်လှပါ)၊ နားလည်အောင် ရှေးဦးစွာထောင်ဖို့က အရေးကြီးတယ်. . . (မှန်လှပါဘုရား)၊ ဦးဇံရင် အရေးမကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)၊ ထောင်ပြီးမှသာလျှင်လည်း ရှုတတ်မှာကိုးဗျ. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီတရား နားမလည်လိုက်ဘူးဘုရား၊ နားမလည်လိုက်လို့ရှိရင် ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး အကြောင်းတရားတွေဟာ ခင်ဗျားတို့ကိုယ်ပိုင်ပစ္စည်း၊ ဒုက္ခဟူသရွေ့ဟာ ခင်ဗျားတို့ ပြေးလို့မလွတ်အောင်ဘဲ ခံရတော့မယ်၊ သေချာကြပလား. . . (သေချာပါတယ်ဘုရား)။

အဲဒါကြောင့် အားလုံး တရားတစ်ပွဲလုံးမှာ ဘုန်းကြီးတို့ အင်မတန်ပဲ မေတ္တာရှေ့ထားပြီးသကာလ ဟောပြောနေပါတယ်တဲ့။

ဒီထဲကနေပြီးသကာလ ဘုန်းကြီးကလည်း ထပ်ပြန်တလဲလဲပြောတယ်၊ ဒကာ ဒကာမတွေလည်း ကိုယ့်ခန္ဓာပေါ်, ပေါ်တာကို ကိုယ်ကြည့်နည်းကိုသင်ပေးနေတဲ့အတွက် ကြည့်လည်းကြည့်ကြပါ၊ နားလည်အောင်လည်း ထောင်ပါ၊ နားမလည်လိုက်လို့ရှိရင်ဖြင့် သာသနာတွင်းသားကို မဖြစ်သေးတဲ့ အဓိပ္ပာယ်ရောက်ပါတယ်. . . (မှန်ပါ့ဘုရား)။

ဘာရောက်သွားသလဲ. . . (သာသနာတွင်းသားမဖြစ်သေးတဲ့ အဓိပ္ပါယ်ရောက်ပါတယ်ဘုရား)။

သာသနာတွင်းမှာပဲ ဝိပဿနာပေါ်တယ်နော်. . . (မှန်ပါ့ဘုရား)။

## သာသနာ၏အခြေဟာ ဝိပဿနာပဲ

သာသနာပမှာ ဝိပဿနာရှိရဲ့လား. . . (မရှိပါဘုရား)။

မရှိဘူးတဲ့၊ သာသနာ၏အခြေဟာ ဝိပဿနာပဲဆိုတာသဘောကျပလား. . . (ကျပါပြီ)။

အဲဒီတော့ ကိုယ့်ကိုယ်ကို သာသနာတွင်းသားကလေးဖြစ်အောင်က ဒကာ ဒကာမတွေက ဆုတောင်းကြလို့ ယခုဆရာဘုန်းကြီးနဲ့ ဒီ ဒကာ ဒကာမတွေနဲ့ တွေ့ကြ, ဆုံကြပြီဆိုတာလည်း ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)။

သို့သော် ဆုံတာကတော့ ဟုတ်ပါရဲ့၊ ဆုံပြီးသကာလ ဒီဉာဏ်နဲ့ကြုံဖို့ရာက အရေးကြီးသေးတယ်. . . (မှန်လှပါဘုရား)၊ ရှုတတ်တဲ့ ဉာဏ်နဲ့ ကြုံဖို့ အရေးကြီးတယ်နော်. . . (မှန်ပါ့)။

ဆုံသာဆုံတယ် မကြုံဘူးဆိုတော့ ဒီမဂ်ဉာဏ်နဲ့ မကြုံလို့ ရှိရင်လည်း မကောင်းဘူးဗျ. . . (မှန်ပါ့ဘုရား)၊ သဘောကျ ပလား. . . (ကျပါပြီဘုရား)။

## ယသော်ရောဇ၏ဘခင် သုပ္ပဗုဒ္ဓမင်း

ဥပမာမယ် ဘုရား၏ယောက္ခမ သုပ္ပဗုဒ္ဓဆိုတာ ဒကာ ဒကာမတွေ သိပါလိမ့်မယ်နော်. . . (မှန်ပါ့)၊ ဘုရားနဲ့မဆုံဘူး လားမေးရင် ဘယ့်နှယ်ပြောမလဲ. . . (ဆုံပါတယ်ဘုရား)။

အို. . . ဘုရားနဲ့ ယောက္ခမတောင် တော်လိုက်သေး တယ်. . . (မှန်ပါ့ဘုရား)၊ စောစောက ဟင်. . . (မှန်ပါ့)၊ မတော် ဘူးလား. . . (တော်ပါတယ်ဘုရား)၊ နောက် အဝီစိကျသွား တယ် ဒကာ ဒကာမတို့. . . (မှန်ပါ့) ဆုံသာဆုံတယ်၊ မကြုံဘူး . . . (မှန်လှပါဘုရား) ဆုံတော့မဆုံဘူးလား. . . (ဆုံပါတယ် ဘုရား)၊ အဲ မဂ်ဉာဏ်နဲ့ ကြုံရဲ့လား. . . (မကြုံပါဘုရား)။

အဲဒါကြောင့် အခု ဆရာဘုန်းကြီးနဲ့ ဒကာ ဒကာမတွေ နဲ့ ရင်းရင်းနှီးနှီးဆိုတာတော့ ဟုတ်ပါရဲ့၊ ဒီမဂ်ဉာဏ် ကြုံအောင် ခန္ဓာထဲရောက်အောင် လုပ်ကြစမ်းပါဦး. . . (မှန်ပါ့ဘုရား)၊ ရှင်း ပလား. . . (ရှင်းပါပြီ)။

## ကံကောင်း၍ထက် ဉာဏ်ကောင်းအောင် လုပ်လိုက်စမ်းပါ

တို့ ကံကောင်းလိုက်တာ ဆရာဘုန်းကြီးနဲ့ တွေ့ရတာ၊ အင်မတန် ကံကောင်းရုံ မတင်းတိမ်ပါနဲ့၊ ဉာဏ်ကောင်းအောင် လုပ်လိုက်စမ်းပါ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကံတော့ ဒီ ဒကာ ဒကာမတွေ အကုန်ကောင်းတယ်လို့ အောက်မေ့ပါ. . . (မှန်ပါ့ဘုရား)၊ ဘာကြောင့်တုံး ဆိုလို့ရှိရင် ဘုန်းကြီးကလည်း ကျန်းကျန်းမာမာနဲ့၊ ဒီ ဒကာ ဒကာမတွေက လည်း သွားနိုင်လာနိုင်နဲ့၊ ထောင်တတ်တဲ့နားကလေးနဲ့ ရှိနေ တော့၊ ကံကတောဖြင့် ဒီဘဝ နောက်ဆုံးပိတ်ပဲကွာ ဆရာကောင်း နဲ့လည်း တွေ့ပြီး မင်းတို့လည်း ကျန်းမာတုန်းပဲဆိုတော့ ကံက တော့ ပြောဖို့လိုသေးသလား. . . (မလိုပါဘုရား)။

## ကံသာကောင်း၍ ဉာဏ်မကောင်းမှာစိုးရိမ်တယ်

အဲဒီတော့ ကံသာကောင်း၍ ဉာဏ်မကောင်းမှာ စိုးရိမ် တယ်. . . (မှန်လှပါဘုရား)၊ ဘာစိုးရိမ်ပါလိမ့်. . . (ဉာဏ် မကောင်းမှာ စိုးရိမ်ပါတယ်ဘုရား)။

ဉာဏ်မကောင်းမှာ စိုးရိမ်တယ်ဆိုတော့ ဒကာ ဒကာမ တွေ ဒီနေရာမှာ ကိုယ်ပေါ်မှာ ဒုက္ခပေါ်လည်း ဖြစ်ပျက်ရှုတတ်တဲ့ ဉာဏ်ကလေး သွင်းပေးရတယ်. . . (မှန်ပါ့ဘုရား)။

သုခဆိုတဲ့ချမ်းသာလုံးကလေး ပေါ်ရင်ကော. . . (ဖြစ်ပျက်ပဲ ရှုပေးရပါမယ်ဘုရား)၊ ဖြစ်ပျက်ရှုတဲ့ ဉာဏ်ကလေး သွင်းပေး. . . (မှန်ပါ့)။

ဒါကတော့ ဘုန်းကြီးက သွင်းလို့ဖြစ်မှာလား ခင်ဗျားတို့ သန္တာန်ပေါ်တာ ခင်ဗျားတို့သွင်းမှဖြစ်မှာ ဆိုတာ သေချာပလား . . . (မှန်ပါ့)၊ မဟုတ်ဘူးလား. . . (မှန်ပါ့)၊ အဲ. . . မောင်ကိုတို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

## ဘုန်းကြီးကနည်းသာပေးတတ်တာ

အားလုံး ဒကာ ဒကာမတွေ ဒီဟာတော့ ဘုန်းကြီးက နည်းသာပေးတတ်တာကိုးဗျ. . . (မှန်ပါ့ဘုရား)၊ အဲဒါ ဘုန်းကြီး သာမဟုတ်ပါဘူးတဲ့၊ တစ်နေ့ကလည်း ဒကာ ဒကာမတွေ ဘုန်းကြီး ရှင်းအောင်ပြောခဲ့တယ်နော်. . . (မှန်ပါ့)။

ဟောမှု, ပြောမှုကိစ္စ ဘုရားကိစ္စ၊ ကျင့်မှုကြံမှုကိစ္စ သာဝကကိစ္စလို့ ဘုရားကပဲ နှစ်မျိုးမထားခဲ့ဘူးလား. . . (ထားခဲ့ပါတယ်ဘုရား)။

ဒီမှာတော့ ဟောမှု, ပြောမှု နားမလည် လည်အောင် ပြောမှုက ဆရာသမား၏ကိစ္စ. . . (မှန်ပါ့)၊ ခင်ဗျားတို့က ပေါ်တိုင်း, ပေါ်တိုင်း ရှုမှုက. . . (တပည့်တော်တို့ကိစ္စပါဘုရား)။

အဲဒီ ဒကာ ဒကာမတွေ၏ ကိစ္စဆိုတာ အဲဒီတော့ ကိုယ့် ကိစ္စ သူ့ကိစ္စသွားကြပါ. . . ဆိုတဲ့ဥစ္စာကို လေးစားစွာနဲ့ပဲ နောက် ထပ်ပြီးသကာလ ဒကာသစ်တို့ ကိုမြရွှေတို့ တိုက်တွန်းရတယ် နော်. . . (မှန်လှပါ)။

## ကံကောင်းသလောက်၊ ဉာဏ်ကောင်းသွားလို့

သာမညမဟုတ်ဘူးနော်. . . ဒီဥစ္စာ အင်မတန် အဖိုး တန်တယ်၊ ဒီသံသရာအစတွေ ပြတ်တယ်ဆိုကတည်းက ဒကာ ဒကာမတွေ နောက် ဒုက္ခ ခင်ဗျားတို့ ဘာလာစရာလိုသေးသတုံး . . . (မလိုပါဘုရား)၊ နောက် အိုဘေး, နာဘေး, သေဘေးတွေ လာစရာလိုသေးသလား. . . (မလိုပါဘူး)၊ အပါယ်ဘေးတွေ ကော. . . (မလိုပါဘုရား)။

ဘယ့်နှယ်ကြောင့်ပါတုံးဆိုတော့ ကံကောင်းသလောက် ဉာဏ်ကောင်းသွားလို့ဘုရား. . . (မှန်လှပါ)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ ဘယ်လိုမှတ်ကြမယ်. . . (ကံကောင်း သလောက် ဉာဏ်ကောင်းသွားလို့ပါဘုရား)။

ကံကောင်းတာကတော့ ဒီဆရာသမားနဲ့ ဒီ ဒကာ ဒကာမတွေနဲ့ တွေ့ရတာ ဘယ်လိုဆုံးဖြတ်ချက်ချကြမှာတုံး. . . (ကံကောင်းပါတယ်ဘုရား)။

ဒီကံကောင်းတာတော့ သေချာပြီတဲ့၊ ပြီးတော့ ခင်ဗျားတို့ကလည်း "မနုဿတ္တဘာဝေါဒုလ္လဘော" ဆိုတဲ့အတိုင်း မရစဘူး အရထူးလာတာ၊ "သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" ဆိုတဲ့အတိုင်း သူတော်ကောင်းတရားကြီး နာရတာ၊ နာရပြန်တော့လည်း သစ္စာဆိုက်တာ နာရတော့ ပိုပြီး ကျေးဇူးများတယ်. . . (မှန်လှပါ)၊ မများကြဘူးလား. . . (များပါတယ်ဘုရား)၊ ကိုမြရွှေ မများဘူးလား. . . (များပါတယ်ဘုရား)။

ထိုကဲ့သို့ များတဲ့အထဲက နာရုံသာနာရတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဖြစ်ပျက်ကို မတွေ့ရသေးဘူးဆိုရင် ကံသာကောင်း၍ ဒီ ဒကာ ဒကာမတွေ ဉာဏ်မကောင်းတဲ့ ဒကာ ဒကာမတွေ . . . (မှန်လှပါဘုရား)။

## ကံကောင်းရုံနဲ့ပဲ တင်းတိမ်မနေပါနဲ့

ဘယ့်နှယ်ဆိုကြပါ့မယ်. . . (ကံသာကောင်း၍ ဉာဏ်မကောင်းတဲ့ ဒကာ ဒကာမတွေ)၊ ကံသာကောင်း၍ ဉာဏ်မကောင်းလို့ရှိရင်ဖြင့် ဒီ ပဋိစ္စသမုပ္ပါဒ်အကြောင်းဟာ ပြတ်ပါ့မလား. . . (မပြတ်ပါဘုရား)၊ မပြတ်ရင် ဒီအကျိုးတရားတွေ ခင်ဗျားတို့ ကိုယ်ပိုင်ပစ္စည်းဖြစ်မယ်. . . (မှန်ပါ့ဘုရား)၊ ကဲ ဒါ လွတ်နိုင်စရာမြင်သေးရဲ့လား. . . (မမြင်ပါဘုရား)။

အဲ- ဒါကြောင့် ဒီနေ့ ထူးထူးခြားခြား ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပြပြီးသကာလ ဩော်. . . ကံကောင်းရုံနဲ့ပဲ တင်းတိမ်မနေပါနဲ့၊ ဉာဏ်ကောင်း အလုပ်ကလေး လုပ်လိုက်စမ်း ပါဆိုတာကိုလည်း တောင်းပန်ရတယ်. . . (မှန်ပါ့ဘုရား)။

ကံကောင်းရုံနဲ့ တင်းတိမ်မနေပါနဲ့၊ ဘာသွင်းရမယ်. . . (ဉာဏ်ကောင်းအလုပ် သွင်းရမယ်ဘုရား)။

## ဒီထက်ကောင်းတဲ့ကံရှိသေးရဲ့လား

ဉာဏ်ကောင်း အလုပ်ကလေးသွင်းလိုက်စမ်းပါဆိုတာ ကတော့ဖြင့် ကံကောင်းတာကတော့ဖြင့် ဒကာ ဒကာမတို့ ပြော ဖို့လိုသေးသလား. . . (မလိုပါ)၊ လူ့ဘဝရတာပဲ ဒီထက်ကောင်း တဲ့ကံ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အေး. . . ထောင်တတ်တဲ့နားလေး ရှိတာကကော. . . (ကံကောင်းတယ်)၊ ဒီထက်ကောင်းတဲ့ကံ မရှိပါဘူးဆိုတာ သေချာကြပလား. . . (သေချာပါတယ်)။

ဒါဖြင့် တို့ ဘာလေးလိုနေပါလိမ့်. . . (ဉာဏ်ကောင်းဖို့ လိုနေပါတယ်ဘုရား)၊ ဉာဏ်ကောင်းဖို့ လိုနေတယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ ဘာလိုပါလိမ့်. . . (ဉာဏ်ကောင်းဖို့ လိုနေပါ တယ်ဘုရား)။

## ဉာဏ်ကို အညစ်အကြေးမဖုံးပါစေနဲ့

ဉာဏ်ကောင်းဖို့လိုနေတယ်ဆိုတော့ အဲဒီတော့ ဒီဉာဏ်ကို ခင်ဗျားတို့က အညစ်အကြေးမဖုံးပါစေနဲ့လို့ဆိုပြီးသကာလ ပြောရတယ်နော်. . . (မှန်ပါ့)။

ကိစ္စတွေများလွန်းလို့ ဒီကိုယ်ပေါ်မှာ ပေါ်တဲ့စိတ်က အဝတ်နဲ့ထိလည်း ပေါ်တာပဲ၊ နေပူထိကော. . . (ပေါ်ပါတယ်ဘုရား)၊ လေပူထိကော. . . (ပေါ်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာ နေပူတယ်ဆိုရင် ပူလိုက်တာကွာဆိုတာလည်း ဒီကိုယ်ပေါ်မှာပူတဲ့စိတ် ပေါ်လို့ ဒီက ဒေါသဖြစ်ပြီး ပူပူလွန်းလှတယ်ကွာ၊ ပဋိစ္စသမုပ္ပါဒ် စပြီ ဦးခင်မောင်ရဲ့. . . (မှန်လှပါဘုရား)၊ မစ,ဘူးလား. . . (စ,ပါတယ်ဘုရား)။

အေး. . . ဒါ့ကြောင့် တရားတော့မရှိတဲ့အခါလည်း မရှိဘူးတဲ့၊ ဒကာ ဒကာမတို့ မရှုဖြစ်တဲ့အခါကကောရှိတယ်. . . (မှန်ပါ့)။ တရားကမပေါ်တဲ့အခါနည်းတယ်၊ ပေါ်တာပဲများတယ် . . . (မှန်လှပါ)၊ ခင်ဗျားတို့က ဘယ့်နှယ်ဖြစ်နေသလဲ. . . (မရှုတဲ့အခါကများနေပါတယ်ဘုရား)။

မရှုဖြစ်တာများတော့ မရှုဖြစ်တာဟာ ဩော်. . . ကိစ္စကများလွန်းလို့ မရှုဖြစ်ဘူး၊ မောင်ကိုတို့က သုံးချဝ်သုံးမပေါ့ကွာ၊ မသုံးပေဘူးလား. . . (သုံးပါတယ်ဘုရား)။

ကိစ္စတွေကဘုရား. . . ဟိုမလှည့်သာ ဒီမလှည့်သာဖြစ်နေတယ်၊ တပည့်တော်တို့ အလုပ်တွေက လူနဲ့အလုပ်နဲ့ မမျှအောင်ဖြစ်နေတယ်။

## မရှုဖြစ်ရင်အပြစ်ရှိတယ်

အဲဒါကြောင့် တပည့်တော်တို့ပေါ် တော့ပေါ်တယ်၊ မရှုဖြစ်ဘူး၊ မရှုဖြစ်လို့ရှိရင်ဖြင့် မရှုဖြစ်တော့ ဘာမှ အပြစ်မရှိဘူး ထင်လိုက်ရင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလှည့်တယ်. . . (မှန်ပါ့)၊ မလှည့်ဘူးလား. . . (လှည့်ပါတယ်ဘုရား)။

ကဲ-ဒါဖြင့် မရှုဖြစ်တဲ့အပြစ်ဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)၊ ရှင်းကြပလား . . . (ရှင်းပါပြီ)။

ဩော်-ခင်ဗျားတို့ကတော့ မြို့သုံးကလေး သုံးလို့ တစ်ယောက်,တစ်ယောက် ဧည့်ခံကောင်းအောင် စကားကလေးလေပြေထိုးလို့ ကိစ္စတွေများလွန်းလို့ ရှုတောင်မှမရှုဖြစ်ဘူး၊ ပေါ်တော့ ပေါ်သားပဲ၊ သတိထားရမှာ သူ့ကို သတိကိုမထားဖြစ်ဘူး၊ အို. . . သတိမထားဖြစ်တော့ ဒကာ ဒကာမတို့ ကိုယ်ကျိုးနည်းတာပါ ထည့်တွက်ပါ. . . (မှန်ပါ့)။

သတိမထားဖြစ်ရင်. . (ကိုယ်ကျိုးနည်းပါတယ်ဘုရား) ကိုယ်ကျိုးနည်းတာ ထည့်တွက်ပါဆိုတော့ တဏှာက ရင်လည်းစ,တော့မယ် ဦးခင်မောင်. . . (မှန်လှပါဘုရား)။

ဒေါသက ရင်ကော. . . (စ,ပါမယ်ဘုရား)။

မောဟက ရင်ကော. . . (စ,ပါမယ်ဘုရား)။

ဒါဖြင့် တဏှာကစ,လည်း တဏှာဥပါဒါန် ကံ ဇာတိ, ဇရာ, မရဏ၊ ဒေါသကစ,လည်း သောက, ပရိဒေဝ, အဝိဇ္ဇာ, သင်္ခါရ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်တန်းသွားမယ်

အဲဒီတော့ ခင်ဗျားတို့က ဘယ်လိုနေရာက ဖုံးလို့, ဖိလို့ ရတဲ့ ပဋိစ္စသမုပ္ပါဒ်လား၊ မရှုဖြစ်ရင် တန်းသွားမှာလား. . . (မရှုဖြစ်ရင် တန်းသွားမှာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဩော်. . . တို့က လူတစ်ယောက်က လူတစ်ယောက်ကို စကားအားဖြင့် ဖုံးလိုက်ငြားသော်လည်း အလုပ်က ဖုံးမရပါကလား. . . (မှန်ပါ)၊ ဘယ်လို ဆိုကြမယ်. . . (အလုပ်က ဖုံးမရပါဘုရား)။

အလုပ်က ဖုံးမရဘူး၊ တန်းသွားတာပဲ ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ် တန်းသွားတာပဲဆိုတာ သေချာပလား. . . (သေချာပါတယ်ဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတို့ ကိုယ့်အရေးဆိုပြီး ကိုယ့်ကိုယ်ကို သနားကြစမ်းပါဆိုတာကိုလည်း ပြောရပါတယ်. . . (မှန်ပါ့ဘုရား)။

## ကိုယ့်ကိုယ်ကို သနားကြစမ်းပါ

ကိုယ့်ကိုယ်ကို သနားကြစမ်းပါဆိုတာ ဒကာသစ်တို့. . မောင်မြရွှေတို့ ဒီ. . . ပဋိစ္စသမုပ္ပါဒ် စ,မိလို့ရှိရင် ကိုယ် ဒုက္ခ ရောက်တော့မယ်. . . (မှန်ပါ့)၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

သူများရောက်မှာလား၊ ကိုယ်စ,တဲ့အပြစ်ဟာ ကိုယ်ခံရ မှာလား. . . (ကိုယ်စ,တဲ့အပြစ် ကိုယ်ခံရမှာပါဘုရား)။

ကိုယ်စတဲ့အပြစ် ကိုယ်ခံရမှာ ဖြစ်နေတော့ ကျုပ်ဖြင့် မရှုမိဘူး၊ ကိစ္စတွေက များလွန်းလို့ဆိုတော့ အို. . . ကိစ္စများတာ ဒုက္ခကြီး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲဒါ ခင်ဗျားတို့အိမ်ကျလာတဲ့အခါကျတော့ လူ သူတော်ကောင်းတစ်ယောက် ရောက်လာတယ်၊ တရားနာဘက် ကောင်းမှုပြုဘက်တွေ ရောက်လာတဲ့အခါ ဟုတ်တယ်၊ ကျုပ်ဖြင့် ဘုန်းကြီးကလည်း တိုက်တွန်းရှာတယ်၊ ကျုပ်ကလည်း ကိစ္စတွေ များလွန်းလို့ မရှုဖြစ်ဘူး. . . (မှန်ပါ့)။

အင်း. . . မရှုဖြစ်တာတော့ ကိစ္စမရှိပါဘူး၊ အမျှဝေလို့ မရတော့ဘူး. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အမျှဝေ လို့ရသေးရဲ့လား. . . (မရပါဘုရား)။

အဲဒါ ခင်ဗျားတို့က ဖုံးလိုက် ဖိလိုက်တာတော့ အရေး မကြီးဘူးပေါ့ဗျာ၊ ဖုံးလို့ ဖိလို့ လုံတာလား၊ မလုံတာလား. . . (မလုံ ပါဘုရား)။

## သူများကိုငဲ့ညှာခံမနေနဲ့ ကိုယ့်အလုပ်သာကိုယ်ကြိုးစား

အဲဒါကြောင့် ခင်ဗျားတို့ သူများလည်း ဘာနဲ့မှငဲ့ညှာခံမနေနဲ့၊ ကိုယ့်အလုပ်သာ ကိုယ်ကြိုးစား. . . (မှန်လှပါ)၊ သိတဲ့ဘဝမို့ ဒါ. . . ပြောလို့ရတာနော်. . . (မှန်ပါ့)။

မသိတဲ့တိရစ္ဆာန်ကျတော့ ပြောလို့ကိုမရဘူး၊ မသိတဲ့နတ်၊ မသိတဲ့ ရုက္ခစိုး ပြောလို့ကိုမရဘူး. . . (မှန်ပါ့)၊ ရကို မရတော့ဘူး သူတို့ကျတော့. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ကာယဝိညာဏ်ကိုဖြစ်ပျက်ရှုနိုင်လို့ရှိရင်ဖြင့် သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဆိုတော့ မဂ်သမ္မာဒိဋ္ဌိဖြစ်တယ်လို့ မောင်ထွန်းလှိုင် ပြောလိုက်တယ်. . . (မှန်လှပါဘုရား)။

မောင်ကို. . . ဘာပြောတာတုံး. . . (မဂ် သမ္မာဒိဋ္ဌိဖြစ်တယ်လို့ ပြောတာပါဘုရား)။

မဂ် သမ္မာဒိဋ္ဌိ ဖြစ်တယ်ဆိုတော့ သမ္မာဒိဋ္ဌိဆိုတဲ့. . . ဥစ္စာ အမှန်အကန်မြင်တာနော်. . . (မှန်ပါ့ဘုရား)၊ မိစ္ဆာဒိဋ္ဌိဆိုတာ အမှားမြင်တာ. . . (မှန်ပါ့)။

ဒါဖြင့် ဒီ ကာယဝိညာဏ်ဆိုတဲ့စိတ်ကလေးဟာ ဖြစ်ပြီးနာတဲ့စိတ်ကလေး၊ ကိုယ်ပေါ်မှာ ဖြစ်လည်းဖြစ်တယ်. . . (မှန်ပါ့) ပျက်လည်း ဒီနေရာ. . . (ပျက်ပါတယ်ဘုရား)။

အေး. . . ဒါ့ကြောင့် ဒီနာတဲ့စိတ်ကလေးဟာ ပေါ်တဲ့နေရာမှာပေါ်၊ ဒီနေရာမှာ ပျောက်၊ ရိပ်မိကြပလား. . . (မှန်ပါ့)။

## ဒီနေရာပေါ် ဒီနေရာမှာပျက်တယ်

ပေါ်တော့လည်း. . . (ဒီနေရာမှာပါပဲဘုရား)။

ပျက်ပြန်ရင်လည်း. . . (ဒီနေရာမှာပါဘုရား)။

ဒီနေရာမှာပဲပျက်ရမယ်ဆိုတာ သေချာကြပလား. . . (သေချာပါတယ်ဘုရား)၊ အဲဒီတော့ ဒီနေရာကလေးကို ဉာဏ်က နေပြီး စိုက်ကြည့်တာပေါ့ ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)။

အဲဒါ ခင်ဗျားတို့ဟာက ခက်လိုက်တဲ့ဖြစ်ခြင်း အယားတော့ ဖျောက်တတ်တယ်၊ ဉာဏ်နဲ့တော့ မဖျောက်တတ်ဘူး . . . (မှန်ပါ့)၊ ဒါ. . . ခက်နေတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျရဲ့လား. . . (ကျပါတယ်) အယားတော့. . . (ဖျောက်တတ်ပါတယ်ဘုရား)၊ ဉာဏ်နဲ့တော့. . . (မဖျောက်တတ်ပါဘုရား)။

အဲ. . . ဒီနေ့ အယားဖျောက်မှာကို ဉာဏ်ကလေးနဲ့ ဖျောက်ရမယ်. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒကာ ဒကာမတို့ ယားတယ်ဆိုတော့ ညမှောင်ထဲမှာတောင် ကြမ်းပိုးရအောင် ဖမ်းနိုင်သေးတယ်. . . (မှန်ပါ့ဘုရား)၊ ခက်လိုက်တဲ့ဖြစ်ခြင်း ဉာဏ်နဲ့တော့ မလိုက်ဘူး. . . (မှန်ပါ့)။

ဉာဏ်နဲ့လိုက်လို့ရှိရင် ဒီကာယဝိညာဏ်ကလေးဖြစ်ပြီး ပျက်တာကလေးကို မမြင်လိုက်ရပေဘူးလား. . . (မြင်ပါတယ် ဘုရား)။

## နိဗ္ဗာန်ကျအောင်ပို့မည့်တရား

အဲဒီတော့ ဒီဘက်က ပဋိစ္စသမုပ္ပါဒ်သုံးမျိုးစလုံး ဘယ့်နှယ်နေသတုံး. . . (ပြတ်ပါတယ်ဘုရား)၊ ပြတ်သွားတော့ ကိုယ့်ဒုက္ခတွေ လွတ်မသွားပေဘူးလား. . . (လွတ်သွားပါတယ် ဘုရား)။

ဒုက္ခချုပ်ငြိမ်း ရုပ်သိမ်းတာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား)၊ အဲ. . . နိဗ္ဗာန်ကျအောင် ပို့မည့်တရားကို ခင်ဗျားတို့ လက်နဲ့မလိုက်နဲ့တဲ့၊ ဉာဏ်နဲ့လိုက်စမ်းပါ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## လက်နဲ့မလိုက်နဲ့ ဉာဏ်နဲ့လိုက်ပေးစမ်းပါ

ဘာနဲ့လိုက်ကြမယ်. . . (ဉာဏ်နဲ့လိုက်ရပါမယ်)၊ ဉာဏ်နဲ့လိုက်ပေးစမ်းပါဆိုတာကိုပဲ တိုက်တွန်းရပြန်တယ်၊ သုခလာလည်း. . . ဉာဏ်နဲ့လိုက်၊ ကိုယ်ပေါ်မှာ သုခကလေးပေါ်ရင်ကော. . . (ဉာဏ်နဲ့လိုက်ရမယ်ဘုရား)။

အင်း. . . ဒုက္ခကလေးပေါ်ရင်ကော. . . (ဉာဏ်နဲ့လိုက်ရမယ်)၊ ဉာဏ်နဲ့လိုက်ပါဆိုတာကို ဘုန်းကြီးက တိုက်တွန်းတယ်၊ ဉာဏ်နဲ့လိုက်တော့ အနိစ္စ, မဂ္ဂ မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## သူကဖြစ်ပျက်၊ လိုက်တာက မဂ်

ဒီကဘာတုံး. . . (အနိစ္စပါဘုရား)၊ အဲ. . . သူ့ခက လည်း အနိစ္စ၊ လိုက်တာက. . . (မဂ္ဂပါဘုရား)၊ အေး. . . ဒါဖြင့် သူက ဒုက္ခကလေးဖြစ်နေတော့ သူကလည်း ဖြစ်ပျက်၊ သူက လည်း ဘာဆိုမလဲ. . . (မဂ္ဂပါဘုရား)။

မဂ်ဆိုတော့ ဒကာ ဒကာမတို့ ဟော. . . ပဋိစ္စသမုပ္ပါဒ် အကြောင်းပြတ်ပြီ၊ ဟော. . . အကျိုး ကိုယ်ပိုင်ရသေးရဲ့လား . . . (မရပါဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ အင်မတန် အဖိုးတန်သွားတဲ့ ဟောဒီက ဒုက္ခသစ္စာ၊ ဟောဒီက မဂ္ဂသစ္စာ၊ ဟောဒါက သမုဒယ သေတာ၊ ဟောဒါ နိရောဓဆိုတဲ့ နိဗ္ဗာန် ပေါ်လာတာ . . . (မှန်ပါ့)။

## သစ္စာလေးပါး ကိုက်သွားပြီ

ကဲ. . . သစ္စာလေးပါးကော မကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒါက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ)။

ဒီဟာက. . . (မဂ္ဂသစ္စာပါ)။

ဒါက မလာရင်. . . (သမုဒယသေတာပါ)။

သမုဒယသေတာ၊ သူမလာတဲ့အတွက် ဒီ. . . ဒုက္ခတွေ ပေါ်သေးသလား. . . (မပေါ်ပါဘုရား)၊ အဲဒါ. . . နိရောသစ္စာ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါ သေသေချာချာမှတ်ပါတဲ့၊ သစ္စာလေးပါးကို ဟောနေတယ်ဆိုတာလည်း သေချာကြပလား. . . (သေချာပါတယ် ဘုရား)။

## ဖြစ်ပြီးပျက်တဲ့အနိစ္စလို့ရှုပါ

ကဲ. . . ဒကာ ဒကာမတွေ မှတ်မိအောင်ပဲ တစ်ခေါက် ပြန်ပြီးပြောပါဦးမယ်နော်. . . (မှန်ပါ့)၊ ခင်ဗျားတို့ဟာ ကိုယ်ပေါ် မှာ ယားတယ်, နာတယ်, ကောင်းတယ်, ဘာလုပ်ကြမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်)၊ ဪ. . . ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားပါ လားလို့ ရှုလိုက်တယ်ဗျာ၊ ရှုလိုက်တော့ အနိစ္စမှန်းသိသွား ကတည်းက မောင်ထွန်းလှိုင်တို့, မောင်ကိုတို့ ဒိဋ္ဌိရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ငါနာတယ်၊ ငါယားတယ်၊ ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘုရား)၊ အနိစ္စကလေး ဖြစ်မသွားဘူးလား. . . (ဖြစ်သွားပါတယ်။)။

ဒါဖြင့် အနိစ္စကို အနိစ္စမှန်းသိတော့ ဒါ သမ္မာဒိဋ္ဌိ ဆိုမလား၊ မိစ္ဆာဒိဋ္ဌိဆိုမလား. . . (သမ္မာဒိဋ္ဌိပါဘုရား)။

အဲ. . . သမ္မာဒိဋ္ဌိဖြစ်သွားတဲ့အခါကျတော့ ဒကာ ဒကာမတို့ အပါယ်ရောက်စေတတ်တဲ့ ခုနက သက္ကာယဒိဋ္ဌိ မစ္ဆာဒိဋ္ဌိတွေလာသေးရဲ့လား. . . (မလာပါဘုရား)၊ မလာတော့ ဒကာ ဒကာမတွေ အပါယ်ရောက်စရာ ရှိသေးရဲ့လား. . . (မရှိပါဘုရား)။

အဲဒီလို ကျေးဇူးများတဲ့တရားဖြစ်ပြီးသကာလ ဒီတစ်လုံးကလေးဟာ ဒကာ ဒကာမတို့ အသက်တစ်ရာနေတဲ့အခါမှာ ဟောဒီ လက်ညှိုးကလေးကို ဒကာ ဒကာမတွေက နံ့သာကလေး လူးထားပါနော်. . . (မှန်ပါ့)။

## ဖြစ်ပျက်တစ်ချက်ကိုမမှီဘူး

နံ့သာကလေးလူးပြီးတော့ ဒီလိုဆွဲလိုက် နှာခေါင်းနားတော့ကပ်ပြီး ဆွဲလိုက်. . . (မှန်ပါ့)၊ နည်းနည်းကလေး တစ်ဆိတ်စာလောက်တော့ အမွှေးနံ့ကလေး ဝင်မသွားပေဘူးလား. . . (ဝင်ပါတယ်ဘုရား)၊ အဲဒါ ဖြစ်ပျက်လို့ မင်္ဂနဲ့ကြည့်လိုက်ရင်

ခင်ဗျားတို့ ဒီတစ်ချက်ဟာလေ အကြီးဆုံးကုသိုလ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဒီတစ်ချက် မြင်တဲ့ကုသိုလ်ဟာ အကြီးဆုံး ကုသိုလ်ပဲ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ မေတ္တာ တစ်နေ့လုံး ပို့နေတာ သူ့တစ်ချက် မမီဘူးတဲ့. . . (မှန်ပါ့ဘုရား)၊ ရိပ်မိပလား . . . (ရိပ်မိ ပါပြီ)။

## မေတ္တာတစ်သက်လုံးပို့နေတာ

မေတ္တာတစ်နေ့လုံး ပို့နေတာ. . . (သူ့တစ်ချက်မမီပါဘုရား)၊ မေတ္တာတစ်သက်လုံး အသက်ရှင်သရွေ့ ပို့နေရင်ကော . . . (မမီပါဘုရား)၊ ဘာမမီတုံး ဒကာ ဒကာမတို့ ဒီဟာက ဒီ အကြောင်းပြတ်တယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီဟာက အကြောင်းမပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလုံး မပြတ်ဘူးလား. . . (ပြတ်ပါတယ်ဘုရား)၊ အဲဒါကြောင့် ဘုရားက. . .

ကောဟံ ဇီဝိတံ သေယျော။

ပဿတော ဥဒယဗ္ဗယံ။

ဆိုတဲ့ဥစ္စာ ဒါကလေးဖြစ်ပျက်မြင်လိုက်တဲ့အတွက် ကွာတဲ့အသက်တစ်ရာ နေတဲ့ပုဂ္ဂိုလ် အသက်တစ်ရာမေတ္တာပို့နေတဲ့

ပုဂ္ဂိုလ်ထက် သာပါသေးတယ်. . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)၊ သဘောပါကြပလား. . . (ပါ,ပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်လို့

ဘာကြောင့်တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်လို့. . . (မှန်ပါ့)၊ ဘယ်နှစ်မျိုးပြတ်သလဲ. . . (သုံးမျိုးပြတ်ပါတယ်ဘုရား)။

သုံးမျိုးလုံးပြတ်တော့ ဒကာ ဒကာမတို့ သုံးမျိုးလုံးပြတ်တယ်ဆိုကတည်းက သံသရာ့ရေသောက်မြစ် သုံးခု, ဦးခင်မောင် ကုန်မသွားဘူးလား. . . (ကုန်သွားပါတယ်ဘုရား)။

အဲဒီတော့ သံသရာ့ရေသောက်မြစ်သုံးခု ဒုက္ခရေသောက်မြစ်သုံးခု ကုန်သွားကတည်းက၊ ဒုက္ခပင်ကြီး ဒုက္ခအပွင့်တွေ ဒုက္ခအသီးတွေ နောက်ပြန်ပေါက်မည့် ဒုက္ခမျိုးစေ့တွေ လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘုရား)၊ အဲဒီတော့ ဒုက္ခ သိမ်းနိုင်တာ သူပဲဆိုတာ ပေါ်လာကြပလား. . . (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ့်နှယ်ကြောင့် ဒုက္ခ ဒါလောက် သိမ်းနိုင်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အို. . . ဒုက္ခမြင်လို့ ဒုက္ခသိမ်းနိုင်တာ. . . (မှန်လှပါဘုရား)၊ မှတ်မိကြရဲ့လား. . . (မှတ်မိပါတယ်ဘုရား)၊ ဒုက္ခကို. . . (မြင်လို့ ဒုက္ခသိမ်းနိုင်ပါတယ်)။

အဲ. . . ဒုက္ခကိုမြင်လို့ ဟောဒီမယ် ဒုက္ခဖြစ်ကြောင်း သိမ်းတယ်. . . (မှန်ပါ့ဘုရား)၊ ဒုက္ခဖြစ်ကြောင်းသိမ်းတော့ ဒီဒုက္ခကျိုးတွေ လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘုရား)။

ဒါဖြင့် ဒုက္ခကိုမြင်လို့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်. . . (မှန်ပါ့)၊ ဦးခင်မောင် ဘာတဲ့တုံး. . . (ဒုက္ခကိုမြင်လို့ ဒုက္ခဖြစ်ကြောင်း သိမ်းပါတယ်ဘုရား)။

ဒုက္ခဖြစ်ကြောင်း သိမ်းနိုင်ခြင်းကြောင့် ဒုက္ခဖြစ်ကျိုးတွေ ဒကာ ဒကာမတွေ တစ်သံသရာလုံး ကိစ္စပြီးသွားပါတယ်. . . (မှန်လှပါဘုရား)၊ မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မနေ့ကတော့ တို့ အာသဝနဲ့ ပြောခဲ့တယ် ဦးခင်မောင်. . . (မှန်လှပါဘုရား)၊ မနေ့က အာသဝနဲ့ပြောတယ်၊ ဒီနေ့ သမ္မာဒိဋ္ဌိနဲ့ပြောတယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

**"ကာယဝိညာဏံ အနိစ္စတော ဇာနတော**
**ပဿတော သမ္မာဒိဋ္ဌိ ဥပ္ပဇ္ဇတိ"**

**ကာယဝိညာဏံ** - သုခသဟဂုတ် ကာယဝိညာဏ်၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကို၊ **အနိစ္စတော** - အနိစ္စအားဖြင့်၊ **ဇာနတော** - ရှုသော၊ **ပဿတော** - မြင်သောပုဂ္ဂိုလ်အား၊ **သမ္မာဒိဋ္ဌိ** - မဂ်သမ္မာဒိဋ္ဌိသည်၊ **ဥပ္ပဇ္ဇတိ** - ဖြစ်၏။

## အကြောင်းမပေါ်လို့ အကျိုးစိတ်ချရပြီ

မဂ် သမ္မာဒိဋ္ဌိလည်းဖြစ်ရော ပဋိစ္စသမုပ္ပါဒ် သုံးခုစလုံး သွားတာပဲ. . . (မှန်ပါ့ဘုရား)၊ အကြောင်းပေါ်သေးရဲ့လား. . . (မပေါ်ပါဘုရား)၊ အကြောင်းမပေါ်ကတည်းက ဒီဘက်က အကျိုးတွေ ဒကာ ဒကာမတွေ စိတ်ချရပြီလား. . . (စိတ်ချရပါပြီ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ဩော်. . . ဒါဖြင့် သိပ်အဖိုးတန်ပါကလား. . . (ခင်ဗျား တို့သန္တာန်မှာ ယားတဲ့စိတ်ကလေးပေါ်လည်း ဖြစ်ပျက်၊ အင်း. . . မကောင်းတဲ့စိတ်ကလေးပေါ်လည်း. . . (ဖြစ်ပျက်ပါဘုရား)။

အဲ. . . အကုန်သာ ရှုသာ့ရှုနေ ဒကာ ဒကာမတွေ၊ မရှု လိုက်ရင် ပဋိစ္စသမုပ္ပါဒ်ဆက်တော့မယ်. . . (မှန်ပါ့ဘုရား)၊ ရှုလိုက်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးစလုံး မပြတ်ပေဘူးလား. . . (ပြတ်ပါတယ်ဘုရား)။

## ဒုက္ခရောက်မှာ ကာကွယ်တဲ့အလုပ်

အဲဒါကြောင့် ဒီအလုပ်ဟာ ဩော်. . . ကိုယ်ဒုက္ခ ရောက်မည့်အလုပ်ကို ကာကွယ်တဲ့အလုပ်ဖြစ်နေသောကြောင့် ခင်ဗျားတို့ အင်မတန် ခြင်ပေါါတဲ့နေရာကျတော့ ဒကာ ဒကာမ တွေ အင်မတန်ပူအိုက်တဲ့နေရာကျတဲ့အခါကျလို့ရှိရင်ဖြင့် ယပ်

တောင်ကလေး ဘာလေး မဆောင်ကြဘူးလား. . . (ဆောင်ပါတယ်ဘုရား)။

အင်း. . . ယပ်တောင်ကလေး ဘာလေး ဆောင်ရတယ် ခြင်ကာကွယ်ဖို့နော်. . . (မှန်ပါ့)၊ ခြင်ကာကွယ်ဖို့ အပူကာကွယ်ဖို့ဆိုပြီးသကာလ ဒကာ ဒကာမတွေ ယပ်တောင်ကလေးတွေ ဘာကလေးတွေ မဆောင်ကြဘူးလား. . . (ဆောင်ရပါတယ်ဘုရား)။

## ကိုယ့်ကိုယ်သနားလို့ ယပ်တောင်ဆောင်တာ

ဒါ့ကြောင့် အသုဘကိစ္စရှိတဲ့အခါ၊ အလှူကိစ္စ၊ မင်္ဂလာအခမ်းအနားရှိတဲ့အခါကျလို့ရှိရင် ကာကွယ်ရေးယပ်တောင်ကလေးတွေ မကမ်းကြဘူးလား. . . (ကမ်းကြပါတယ်ဘုရား)။

ဒါဟာ သူတို့ကိုယ် ကာကွယ်ချင်လို့ ကမ်းတာလား. . . လာတဲ့ပုဂ္ဂိုလ်များ သူတို့ဟာသူတို့ ကာကွယ်နိုင်ပါစေလို့ ကမ်းတာလား. . . (လာတဲ့ပုဂ္ဂိုလ်များ ကာကွယ်နိုင်စေဖို့ ကမ်းတာပါဘုရား)။

အဲ. . . ကိုယ့်ကိုယ်ကို ကာကွယ်တဲ့ချမ်းသာကို အလိုရှိလို့ ကာကွယ်တဲ့ ယပ်တောင်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

## ယပ်တောင်က ခတ်နေတုန်းအေးတာ

အဲဒီယပ်တောင်က ဒကာ ဒကာမတို့ ခတ်တုန်းကပဲ အေးတာ၊ ခတ်တုန်းပဲ ခြင်မလာတာပဲ၊ မခတ်ရင် ဒီခြင်လာတာပဲ ဒီအပူ ဝင်လာတာပဲ ဆိုတော့ ဒကာ ဒကာမတို့ ရှင်းရှင်းလင်းလင်း လွတ်ကဲ့လား. . . (မလွတ်ပါဘုရား)။

အဲ. . . ဟောဒီ မဂ်ကတော့ ဒီလို မဟုတ်ဘူး၊ ဟောဒီ အကြောင်းသုံးခု လွတ်သွားလို့ရှိရင် ဒီဘက် အကျိုးသုံးခု ဒုက္ခ လာသေးရဲ့လား. . . မောင်ထွန်းလှိုင်တို့၊ မောင်ကိုတို့. . . (မလာပါဘုရား)။

## ကိုယ့်ကိုယ်သနားရင် ဖြစ်ပျက်ရှုပေးပါ

အဲဒီတော့ယပ်တောင်ခတ်တာသည် ကိုယ့်ကိုယ်ကို သနားလို့လုပ်တာ၊ ဒီမှာလည်း ကိုယ့်ကိုယ်ကို သနားလို့ရှိရင် ဖြစ်ပျက်ရှုပေးပါ. . . (မှန်လှပါဘုရား)၊ ဘာလုပ်ကြရမယ်. . . (ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပေးလိုက်တော့ ဖြစ်ပျက်, သမ္မာဒိဋ္ဌိမဂ်၊ ဟော ပဋိစ္စသမုပ္ပါဒ် အကြောင်းတရားတွေ ချုပ်တယ်၊ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဟော. . . ပဋိစ္စသမုပ္ပါဒ် အကျိုး တရားတွေ လာနိုင်သေးရဲ့လား. . . (မလာနိုင်ပါဘုရား)။

## အကြောင်းဖြတ်လို့ရတာ နိဗ္ဗာန်

မလာနိုင်တော့ ဒုက္ခဖြစ်ကြောင်း ချုပ်ကတည်းက ဒုက္ခဖြစ်ကျိုးဆိုတဲ့ "ဒုက္ခက္ခန္ဓသ နိရောဓောဟောတိ" မဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)၊ ဒုက္ခက္ခန္ဓသ. . . (နိရောဓောဟောတိ)၊ ဒုက္ခအစုကြီး ချုပ်သွားပြီဆိုတော့ ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲတဲ့၊ နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ ဒီအကြောင်းဖြတ်လိုက်လို့ရတာလို့ မှတ်ပါ. . . (မှန်လှပါဘုရား)၊ နိဗ္ဗာန်ဆိုတာ. . . (ဒီအကြောင်းဖြတ်လိုက်လို့ ရတာပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းသုံးခု ဖြတ်လိုက်လို့ရတာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ရချင်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ကို ရောက်ချင်တယ်၊ နိဗ္ဗာန်ကို ရချင်တယ်၊ တပည့်တော်တို့ ဒုက္ခကင်းချင်ပါတယ်လို့ စိတ်ထဲမှာ မြဲမြဲစွဲစွဲရှိကြလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်အကြောင်းသုံးခုဖြတ်ပါ. . . (မှန်လှပါဘုရား)၊ နိဗ္ဗာန်လိုချင်ရင် . . . (ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခုဖြတ်ရပါမယ်)။

## ဝိပဿနာလက်နက်ရှာပါ

အကြောင်းသုံးခုကိုဖြတ်ရလိမ့်မယ်၊ အကြောင်းသုံးခုဖြတ်ချင်လို့ရှိရင်ဖြင့် လက်နက်ရှာပါဆိုတော့ ဝိပဿနာလက်နက်ရှာပါ. . . (မှန်လှပါဘုရား)၊ ဘာရှာရမယ်. . . (ဝိပဿနာလက်

နက်ရှာရပါမယ်)၊ ဝိပဿနာလက်နက် ရှာတတ်ဖို့ ဆရာဘုန်းကြီး က နေ့တိုင်း နေ့တိုင်း ပေးနေတယ်၊ မပေးဘူးလား. . . (ပေးပါ တယ်ဘုရား)။

အဲဒီတော့ ဝိပဿနာလက်နက် ရှာတဲ့အခါကျလို့ရှိရင် ဖြင့် ဆရာဘုန်းကြီးက အေး. . . ကိုယ်ပေါ်မှာလာတဲ့ ယားတယ်၊ ယံတယ်၊ နာတယ်၊ ကောင်းတယ်ဆိုတာတွေကို ဘာလုပ်ရမယ် . . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ဖြစ်ပျက်ဆိုရင် ဝိပဿနာမဂ်လာပြီ

အဲ. . . သူကဖြစ်ပျက်ဆိုတော့ ခင်ပျားတို့ကာကွယ်မည့် ဝိပဿနာမဂ် လာပြီ. . . (မှန်ပါ)၊ ဟောဒီ ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု ဘာဖြစ်ကုန်သလဲ. . . (ပြတ်ကုန်ပါတယ် ဘုရား)။

ပြတ်တယ်ဆိုကတည်းက ဟောဒီမှာ "ဒုက္ခက္ခန္ဓသဿ နိရောဓော ဟောတိ" ဆိုတဲ့ နိဗ္ဗာန်ပေါ်ပြီ. . . (ပေါ်ပါပြီ)၊ မပေါ် သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ဒကာ ဒကာမတို့ ဝေးသလား, နီး သလားလို့မေးရင် ဘယ့်နှယ်ဖြေကြမယ်. . . (နီးပါတယ်ဘုရား)။

နီးလျက်နဲ့ ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်မတုံး. . . လို့ ဦးခင်မောင်တို့၊ ဒကာသစ်တို့၊ မောင်မြတို့ မေးရလို့ရှိရင်ဖြင့်

ကြောင်. . . နည်းကောင်းလိုနေလို့. . . (မှန်လှပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဘာလိုနေပါလိမ့်. . . (နည်းကောင်းလိုနေပါတယ်ဘုရား)

## နည်းကောင်းလိုပြီ

နည်းကောင်းလိုပြီးသကာလနေတဲ့အတွက် အခုတော့ ဖြင့် ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နိဗ္ဗာန်ဟာ မင်းတို့တစ်ထစ်ချမှတ်ထားကြပေ့တဲ့၊ နိဗ္ဗာန်ကို ငါ ဘယ်ခါမဆို အနီးကလေးပောတယ်. . . (မှန်ပါ)။

နိဗ္ဗာန်ကို ဘုရား ဘယ်လိုပောလေ့ရှိပါလိမ့်. . . (အနီးကလေးပောလေ့ရှိပါတယ်ဘုရား)၊ ဒကာ ဒကာမတွေ သဘောကျကြပလား. . . (ကျပါပြီ)၊ နိဗ္ဗာန်ကို ဘယ်လိုပောလေ့ရှိသတုံး . . . (အနီးကလေးပောပါတယ်ဘုရား)။

## ဒီအလုပ်သာလုပ်ရင်အနီးကလေးတဲ့

**ယဿ ေတာဒိသံ ယာနံ၊**
**ဣတ္ထိယာ ပုရိသဿဝါ။**
**သဝေ ဧတေန ယာနေန၊**
**နိဗ္ဗာနဿေဝ သန္တိကေ. . .**

လို့ သဂါထာဝဂ္ဂသံယုတ် ပါဠိတော်မယ်၊ ဟောဒီ မဂ်သ၊

ရလို့ရှိရင် နိဗ္ဗာန်အနီးကလေးကွ ဒီအလုပ်သာလုပ်ရင် အနီးကလေးတဲ့၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဝိပဿနာ အလုပ်လုပ်ရင်. . . (နိဗ္ဗာန်အနီးကလေးပါဘုရား)၊ မလုပ်ရင်. . . (ဝေးပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ တစ်သံသရာလုံးဝေးခဲ့ရတဲ့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီးနဲ့အဝေးကြီးဝေးပြီး၊ အကွာကြီး ကွာခဲ့ရတာဖြင့် ရိပ်မိလောက်ပါပြီ. . . (ရိပ်မိပါပြီဘုရား)။

ဒီအလုပ်ကို နည်းနည်းမှ မျက်စောင်းထိုးမိပုံ မရဘူး. . . (မရပါဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

အခုဒီဘဝမှာလည်း ဒီအသက် ဒီအရွယ်သာ ရောက်ပြီးသကာလ လာကြတယ်၊ တချို့ ဒကာ ဒကာမတွေက အခုမှစပြီးသင်ရမှာရှိသေးသဗျ. . . (မှန်ပါ့ဘုရား)၊ မရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲဒီတော့ နိဗ္ဗာန်နဲ့ဝေးတာသည် ဘယ့်နှယ့်ကြောင့်ဝေးရပါလိမ့်မတုံးဆိုတော့ ဟောဒီဖြတ်နည်းနဲ့ဝေးလို့ နိဗ္ဗာန်နဲ့ဝေးတာ. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)၊ ဘာနဲ့ဝေးလို့လဲ. . . (ဖြတ်နည်းနဲ့ဝေးလို့ပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့တရားက ခင်ဗျားတို့ နည်းမရတဲ့အတွက် ခင်ဗျားတို့ နိဗ္ဗာန်နဲ့ဝေးရတာ. . . (မှန်ပါ့ဘုရား)၊ ရှင်း

ပလား. . . (ရှင်းပါပြီ)၊ ဟောဒီ ဖြတ်လိုက်တော့ ဒီအကြောင်းတွေ က ဘယ့်နှယ်နေသတုံး. . . (ပြတ်ပါတယ်ဘုရား)၊ ဒီအကြောင်း ချုပ်သွားတော့ ဒီဘက် နိဗ္ဗာန်မပေါ်သေးဘူးလား. . . (ပေါ်ပါ တယ်ဘုရား)။

## နိဗ္ဗာန်သည် ခန္ဓာနဲ့စပ်နေတယ်

ကိုင်း. . . ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ရှင်းရှင်းပြောရမယ်ဆိုလို့ရှိရင် ခန္ဓာနဲ့စပ်နေတယ်. . . (မှန်ပါ့)။

ခင်ဗျားတို့ ခန္ဓာငါးပါးနဲ့ နိဗ္ဗာန်နဲ့ စပ်နေတယ်. . . (မှန်ပါ့)။

**"နိဗ္ဗာနန္တိ ခန္ဓပဋိဗဒ္ဓမေဝ"** နိဗ္ဗာန်ဟာ ခန္ဓာနဲ့စပ်နေတယ် ကွ. . . တဲ့။

အဲဒီတော့ ကိုယ့်ခန္ဓာမှ ကိုယ်မတွေ့တဲ့ပုဂ္ဂိုလ်မို့ နိဗ္ဗာန် မတွေ့ဘူး. . . (မှန်ပါ့ဘုရား)၊ ကိုယ့်ခန္ဓာက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာနဲ့ မတွေ့တော့ ဒုက္ခသစ္စာချုပ်ရင် နိဗ္ဗာန် က ပေါ်ရမှာ၊ တွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)။

## ခန္ဓာမတွေ့ဘူး

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာနဲ့ကိုယ် အတူသာ နေတယ်၊ ခန္ဓာငါးပါး တွေ့ကြရဲ့လား. . . (မတွေ့ပါဘုရား)၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား တွေ့ကြရဲ့လား. . . (မတွေ့ပါဘုရား)။

ဘယ်တွေ့မတုံး ဒကာ ဒကာမတို့၊ တွေ့နေတာက ယောကျ်ားတွေ့တယ်၊ မိန်းမတွေ့တယ်၊ ကလေးတွေ့တယ်. . . (မှန်ပါဘုရား)၊ ဒီပြင် ဘာမှမတွေ့ဘူး. . . (ဘာမှမတွေ့ပါဘုရား)၊ ကိုမြရွှေတို့. . . ဘာတွေများ တွေ့နေသတုံး. . . (ဘာမှမတွေ့ပါဘုရား)။

## ယောကျ်ား၊ မိန်းမတွေပဲတွေ့တယ်

ဘာမှမတွေ့ဘူး၊ ယောကျ်ားတွေ မိန်းမတွေပဲ တွေ့နေတာပဲ၊ ခန္ဓာတွေ့ရဲ့လား. . . (မတွေ့ပါ)၊ ဒုက္ခသစ္စာကော. . . (မတွေ့ပါ)၊ အဲ. . . ဒုက္ခသစ္စာလည်းမတွေ့တော့ ဒုက္ခသစ္စာအဆုံးမှာ နိဗ္ဗာန်ကမရှိဘူးလား. . . (ရှိပါတယ်ဘုရား)၊ ဒုက္ခဿ အန္တံ ကရိဿတိကိုး။ ဒုက္ခဿ = ဒုက္ခ၏၊ အန္တံ = အဆုံးကို၊ ကရိဿတိ = ပြုလတ္တံ့၊ အဲဒါ နိဗ္ဗာန်ပဲ. . . (မှန်လှပါ)၊ ဒုက္ခအဆုံးဟာ. . . (နိဗ္ဗာန်ပါဘုရား)။

အဲဒီတော့ ဒုက္ခ က ခန္ဓာ၊ ဒီခန္ဓာဆုံးသွားရင်၊ ရှုလိုက်တိုင်း ဒီခန္ဓာကြီး မလိုချင်လို့ ဖျတ်ဆိုချုပ်သွားရင် ဘာတွေ့မယ် ထင်ကြသလဲ. . . (နိဗ္ဗာန်တွေ့ပါမယ်)။

အဲဒီတော့ ဒါဖြင့် ခင်ဗျားတို့သည် ခန္ဓာကိုမတွေ့ဘူး . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ နေတော့ ဘယ်သူနဲ့နေတုံး. . . (ခန္ဓာနဲ့နေပါတယ်ဘုရား)၊ တွေ့တော့. . . (မတွေ့ပါ)၊ ဖြစ်မှုဖြစ်ရလေ၊ ကြောင်တောင်ကန်းလုပ်နေကြတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါ မနာကြပါနဲ့၊ ကိုယ့်ဖြစ်စဉ် ဒီအတိုင်းပါပဲ. . . (မှန်ပါ့)၊ နာစရာကောရှိသလား ဦးခင်မောင်. . . (မရှိပါဘုရား)၊ ခင်ဗျား ဘယ်သူနဲ့ အတူနေသတုံး၊ မြေးကလေးနဲ့ အတူနေတယ်၊ ဒီလို ပြောချင် ပြောပစ်လိုက်မယ်. . . (မှန်ပါ့)။

## ခန္ဓာဒုက္ခသစ္စာနဲ့အတူနေတာ

ခုကျလိုက်တဲ့ဖြစ်ခြင်းမှု၊ ခန္ဓာနဲ့အတူနေတယ်လို့ ပြောကို မပြောဘူး. . . (မှန်ပါ့ဘုရား)၊ ပြောသေးရဲ့လား. . . (မပြောပါ ဘုရား)၊ အဲဒီကတည်းက ဒကာ ဒကာမတွေ မြေးနဲ့အတူတူ နေတယ်၊ သမီးနဲ့အတူတူနေတယ်၊ ဒါပဲပြောနေတာပဲ၊ ခန္ဓာနဲ့ အတူတူနေတယ်လို့ ပြောဖူးကြရဲ့လား. . . (မပြောဖူးပါဘုရား)။

ဒါဖြင့် တွေ့ကိုမတွေ့ပါဘူး. . . (မှန်ပါ့ဘုရား)၊ ဒကာ ဒကာမတွေ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ ခန္ဓာနဲ့အတူတူနေ တယ်ဆိုတာကော ယနေ့ကစ၍ ရိပ်မိပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဟော. . . ယားတယ်ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ယားတဲ့ ဝေဒနာက္ခန္ဓာနဲ့ နေတာဗျ. . . (မှန်ပါ့ဘုရား)၊ ကောင်းတယ်ဆိုလို့ရှိရင်လည်း ကောင်းတဲ့ ဝေဒနာက္ခန္ဓာနဲ့ နေတာ. . . (မှန်ပါ့)၊ မြင်တယ်ဆိုတာ မြင်စိတ်နဲ့နေတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

ကဲ. . . တစ်ခါ ဒီဆံပင် ခေါင်းပေါ် ပေါက်နေလို့ ဆံပင်နဲ့ အတူတူနေပါတယ်ဆိုတော့လည်း သူ ပထဝီဓာတ်၊ အာပေါဓာတ် စတဲ့ ဓာတ်လေးပါးနဲ့ အတူတူနေတာ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ခန္ဓာနဲ့ အတူတူနေတာကို ခင်ဗျားတို့က မသိဘူးတဲ့၊ ဒိဋ္ဌိလှည့်စားသလိုသာ ဒကာ ဒကာမတွေက ခံနေကြတယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ဒီကရှေ့ ဘယ်သူနဲ့အတူတူနေမှ နေရာကျမတုံး . . . (ခန္ဓာနဲ့နေမှ နေရာကျမှာပါ)၊ ခန္ဓာဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲ. . . ပေါ်တိုင်း၊ ပေါ်တိုင်း ဒုက္ခသစ္စာနဲ့ ခင်ဗျားတို့ဉာဏ်ထဲ အတူတူနေလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

## ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့အတူနေလိုက်စမ်းပါ

ဒုက္ခသစ္စာနဲ့ ဉာဏ်နဲ့. . . (အတူတူနေရမယ်)၊ အတူတူနေလို့ရှိရင်ဖြင့် ဒုက္ခသစ္စာလည်းချုပ်ကရောနိဗ္ဗာန်နဲ့ ခင်ဗျားတို့

အတူတူနေရမယ်. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

မောင်ကို ခက်သလားဟော့ . . . (မခက်ပါဘုရား) အတူတူ အနေလွဲနေလို့ ခက်နေတာ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

နဂိုကတော့ ခင်ဗျားတို့ သမီးနဲ့အတူတူနေတယ်၊ မြေးနဲ့ အတူတူနေတယ် . . . ဆိုတော့ ခန္ဓာဒုက္ခသစ္စာနဲ့ အတူတူ နေတဲ့ဉာဏ်က မရောက်ဘူး . . . (မှန်ပါ့ဘုရား) ရောက်သေး ရဲ့လား . . . (မရောက်ပါဘုရား)။

မရောက်တော့ ဒုက္ခသစ္စာအဆုံးတွေ့သေးရဲ့လား (မတွေ့ပါဘုရား) မတွေ့တော့ နိဗ္ဗာန်နဲ့ ဝေးသွားတာပေါ့ . . . (မှန်ပါ့ဘုရား) ဒုက္ခအဆုံးမှာ ဘာရှိသလုံး (နိဗ္ဗာန်ပါဘုရား) အဲ . . . ဒုက္ခသစ္စာမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်နဲ့တွေ့ဖို့ ဘယ့်နှယ် နေသတုံး . . . (မတွေ့နိုင်ပါဘုရား)။

## ဒီခန္ဓာကို သား၊ သမီးက ဖုံးထားတယ်

အဲဒီတော့ခင်ဗျားတို့ကို ယနေ့ ရှင်းရှင်းလင်းလင်း ပြောချင်တာက ဟောတာကခန္ဓာနော် . . . အဲဒီခန္ဓာကို သားသမီးက ဖုံးပြန်တယ် . . . (မှန်ပါ့) မဖုံးဘူးလား . . . (ဖုံးပါတယ်) သား သမီး မြေးမြစ်က . . . (ဖုံးပါတယ်ဘုရား)။

ကိုယ့်ခန္ဓာကို သားသမီးမြေးမြစ်က ဖုံးထားပြန်တော့ သားသမီးနဲ့ အတူတူနေတယ်ဆိုတော့ ကိုယ့်ခန္ဓာပျောက်မသွားဘူးလား . . . (ပျောက်သွားပါတယ်ဘုရား) အဲဒီတော့ ခန္ဓာကို ဒကာဒကာမတို့ . . . တဲ့၊ ကိုယ့်ခန္ဓာကိုယ်ကို သားသမီး မြေးမြစ် မဖြစ်, ဖြစ်အောင် ဒိဋ္ဌိကဖုံးထားတယ် (မှန်ပါ့ဘုရား)။

ဒီ သားသမီးလုပ်ထားတာကော ဘယ်သူက လုပ်ထားတာတုံး . . . (ဒိဋ္ဌိက လုပ်ထားပါတယ်ဘုရား) အဲ . . . ဒါဖြင့် ဒီခန္ဓာကြီးဟာ ပျောက်ပျောက်သွားတယ် . . . (မှန်ပါ့ဘုရား) သားသမီး မြေးမြစ်ကကော . . . (ဖုံးပါတယ်ဘုရား)။

ဘယ်သူ့ သားသမီးတုံး , ဘယ်သူ့မြေးတုံး၊ အို . . . ကိုယ့်မြေးပေါ့ဆိုတော့ ဒကာဒကာမတွေ ဒီဥစ္စာ ဒိဋ္ဌိက တစ်ခါ ဖုံးလိုက်ပြန်တယ် (မှန်ပါ့ဘုရား) ဒိဋ္ဌိက ဖုံးတဲ့အထဲမှာ ဒိဋ္ဌိက ဖုံးချင်လို့ ဖုံးတာလား . . . ဆိုလို့ရှိရင် မသိလို့ ဖုံးတာဆိုတော့ အဝိဇ္ဇာက ထပ်လိုက်ပြန်တယ် . . . (မှန်ပါ့ဘုရား) မထပ်ဘူးလား . . . (ထပ်ပါတယ်ဘုရား)။

## ခန္ဓာကို ဒိဋ္ဌိကဖုံးပြန်တယ်

ဒါဖြင့် ကျုပ်တို့ခန္ဓာပေါ်မှာ သား,သမီး မြေးမြစ်က တစ်ချက်ဖုံး . . . (မှန်ပါ့) ဒိဋ္ဌိက (တစ်ချက်ဖုံးပါတယ်) အဝိဇ္ဇာက (တစ်ချက်ဖုံးပါတယ်) သုံးချက်တိတိ ဖုံးနေတော့ ဒကာ

ဒကာမတို့ ဒီဟာ ဆရာကောင်း သမားကောင်းမှ ဖွင့်မပေးလို့ ရှိရင်ဖြင့် ကြာလေ နိဗ္ဗာန်နဲ့ ဝေးလေလေ သွားတော့မယ် . . . (မှန်ပါ့ဘုရား)။

ဒါနဲ့ အတူနေမှသာလျှင် ခန္ဓာဒုက္ခသစ္စာနဲ့ အတူတူ နေမှသာလျှင် ဒုက္ခအဆုံးတွေ့မှာကိုး . . . (မှန်လှပါဘုရား) နို့မဟုတ်ရင် တွေ့စရာမြင်ကြရဲ့လား. . . (မမြင်ပါဘုရား)၊ ကိုင်း . . . ဒါဖြင့် နိဗ္ဗာန်လိုချင်ရင် အဖုံးသုံးချက်ဖွင့်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)၊ နိဗ္ဗာန်လိုချင်ရင်. . . (အဖုံးသုံးချက်ဖွင့်ရလိမ့်မယ်) အဖုံး သုံးချက်ဖွင့်ရမယ်ဆိုတဲ့ဉစ္စာက သား၊ မြေး၊ မြစ်လည်း မရှိစေ ရဘူး. . . (မှန်ပါ့ဘုရား)၊ ကိုယ့်ဉာဏ်ထဲကပေါ့ဗျာ. . . (မှန်လှပါ)၊ သူ့ဟာသူ ပင်ကိုရှိတာတော့ရှိပါစေ၊ ကိစ္စမရှိပါဘူး၊ ကိုယ့် ဉာဏ်ထဲတော့ မရှိစေနဲ့၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝိဇ္ဇာနဲ့ခန္ဓာနဲ့တွေ့မှ နိဗ္ဗာန်တွေ့မှာ

ကိုယ့်ဉာဏ်ထဲတော့ ဖြုတ်ပစ်ကြပါ . . . (မှန်ပါ့)၊ ပြီးတော့မှ ဒိဋ္ဌိတစ်ချက်ဖွင့်၊ ပြီးတော့မှ အဝိဇ္ဇာတစ်ချက်ဖွင့်မှ ဝိဇ္ဇာကလေး ပေါ်တော့ ဝိဇ္ဇာနဲ့ခန္ဓာနဲ့ သွားတွေ့မှ နိဗ္ဗာန်နဲ့တွေ့မှာ. . . (မှန်ပါ့ဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဝိဇ္ဇာနဲ့ ခန္ဓာနဲ့တွေ့မှ. . . (နိဗ္ဗာန်တွေ့မှာပါဘုရား)၊ နိဗ္ဗာန် တွေ့မှာဆိုတော့ သေချာပလား. . . (သေချာပါပြီ)၊ အဲဒါက

ယနေ့ပြောတာသည် ဒကာ ဒကာမတို့ ကာယဝိညာဏ်ကို ဝိပဿနာရှုတာ. . . (မှန်ပါ့)၊ ကာယဝိညာဏ်ဆိုတဲ့ သုခ, ဒုက္ခ ကာယဝိညာဏ်ကို ဖြစ်ပျက်ရှုပါဆိုတာ အဓိကထားတာပါပဲ . . . (မှန်လှပါဘုရား)၊ ပေါ်ကြပြီနော်. . . (ပေါ်ပါပြီဘုရား)။

## ရှင်ဆန္န

အဲဒီတော့ ဒကာ ဒကာမတို့ ဆန္နကိုပဲ ပြန်ကောက်ကြစို့တဲ့၊ ဆန္နသည်ကားဆိုလို့ရှိရင် မနေ့က သာဝတ္ထိပြည်ကနေပြီး သကာလ အရှင်အာနန္ဒာဆီ. . . ဒီကိုယ်တော်တွေ ဟောလို့ မကျွတ်နိုင်လို့ ဦးခင်မောင်ရေ. . . အရှင်အာနန္ဒာကလည်း ကောသမ္ဗီပြည်မှာရှိနေလို့ သူ့ ကပ္ပာကယာ ပရိက္ခရာတွေ ယူပြီး အဲဒီကို မသွားလားဗျာ. . . (သွားပါတယ်)။

## ဖွားဖက်တော်ချင်း

သွားလိုက်တဲ့အခါကျတော့ အရှင်အာနန္ဒာနဲ့ပဲသွားပြီး တွေ့ပါတယ်၊ ဖွားဘက်တော်ချင်းဖြစ်ပြီးသကာလ နေတာနဲ့ သူကပဲ ဆီးပြီးနှုတ်ဆက်တယ်၊ ညီတော် အာနန္ဒာတဲ့ တပည့်တော်ကို ကူညီဦးမှပဲ၊ တရားထူး တရားမြတ်တွေ သိပ်ရချင်နေပြီ . . . (မှန်ပါ့)။

ရချင်တာနဲ့ ခုနက ပုဂ္ဂိုလ်တွေ သာ၀တ္ထိပြည်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ အဟောခိုင်းပြန်တော့လည်း သူတို့ဟောတဲ့တရား တပည့်တော် နဂိုကလည်း ရှုတာပဲ၊ ရှုလက်စနဲ့လည်း ရှုပါတယ်၊ သူတို့ပြောပြီးမှလည်း ရှုကြည့်ပါတယ်၊ နိဗ္ဗာန်မတွေ့ပါဘူးတဲ့၊ မပြောဘူးလားဗျာ. . . (ပြောပါတယ်ဘုရား)။

နိဗ္ဗာန်တွေ့ရဲ့လား. . . (မတွေ့ပါဘုရား)၊ ဘာတွေ့ မတုံး ဒကာ ဒကာမတွေရဲ့၊ ခုနက ပြောခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ် တန်းနေတဲ့ သဘောကြီးကို ဦးခင်မောင်. . . ဟောမှ မဟောဘဲ. . . (မှန်လှပါဘုရား)၊ သူကလည်း နှလုံး မသွင်းဘူး. . . (မှန်ပ့ါ)၊ သဘောကျပလား. . . (ကျပါတယ်)။

## ဒိဋ္ဌိခံနေတယ်

အဲဒီတော့ ဒိဋ္ဌိခံ,မခံ စဉ်းစားစမ်း. . . (ခံပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ် တစ်ခုဖြစ်ပြီး တစ်ခုချုပ်တာ၊ တစ်ခုဖြစ်ပြီး တစ်ခုချုပ်တာ၊ တစ်ခုဖြစ်ပြီး တစ်ခုချုပ်တာ မမြင်လို့ရှိရင် ဒကာ ဒကာမတွေ ဒါ ပဋိစ္စသမုပ္ပါဒ်ချုပ်ပျက်ကို ချုပ်တာနဲ့ ပျက်တာကို မမြင်ကြလို့ရှိရင် ဘာခံမယ်ထင်ကြသတုံး. . . (ဒိဋ္ဌိခံပါတယ်ဘုရား)၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ အရှင်ဆန္ဒ ရှုနေတာသည် ဖြစ်ပျက် မမြင်လို့လား. . . ဒိဋ္ဌိဖကွာလို့လားသာ အကဲခတ်ကြပေတော့. . . (ဒိဋ္ဌိ

မကွာလို့ပါဘုရား)၊ မောင်ကိုတို့ ကျေနပ်ပလားဟေ့. . . (ကျေနပ်ပါပြီဘုရား)၊ အရှင်ဆန္ဒဟာ ဖြစ်ပျက်မမြင်လို့လား၊ ဒိဋ္ဌိမကွာလို့လား. . . (ဒိဋ္ဌိမကွာလို့ပါဘုရား)၊ ကြည့်လေ ဒီ ဖြစ်ပျက်တွေ သူမြင်ပါတယ်တဲ့၊ နိဗ္ဗာန်တော့ မတွေ့ပါဘူးတဲ့. . (မှန်ပါ့ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်နားမလည်လို့

မောင်ထွန်းလှိုင်. . . ဖြစ်ပျက်တော့. . . (မြင်ပါတယ်ဘုရား)၊ နိဗ္ဗာန်တော့. . . (မတွေ့ပါဘုရား)၊ ဘယ်တွေ့မတုံးတဲ့၊ ဒီ ကိုယ်တော်က ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ပစ္စယပရိဂ္ဂဟာဉာဏ် မပါဘဲနဲ့ ဝိပဿနာရှုတာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (မှန်ပါ့ကျပါပြီ)၊ တစ်ခုပြီး တစ်ခုချုပ်၊ တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်တယ်၊ ပဟာဒါချုပ်ပြီးရင် ဒုတိယဟာဖြစ်တယ်၊ ဒုတိယဟာ ချုပ်ပြီးရင် တတိယဟာဖြစ်တယ်၊ တတိယဟာချုပ်ပြီးရင် စတုတ္ထဟာဖြစ်တယ်ဆိုတော့ ခန္ဓာထဲမှာ တန်းတန်း တန်းတန်းပြီး မသွားရဘူးလား. . . (သွားရပါတယ်ဘုရား)။

အစဉ်တန်းသွားရတယ်၊ အဲဒီ ပဋိစ္စသမုပ္ပါဒ်ကြီးကို ဖြစ်ချုပ်, ဖြစ်ချုပ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးကို သူ နားမလည်ဘဲနဲ့ အခုပေါ်လာတာကလေးတွေဟာ အနိစ္စပဲဆိုပြီး ဒီလိုသာရှုနေတဲ့အတွက် ဘုန်းကြီး သုံးခါရှိပြီပြောတာ ဦးခင်မောင် မှတ်မိပါလိမ့်မယ်နော်. . . (မှန်လှပါ)၊ အားနည်းတဲ့ ဝိပဿနာဖြစ်နေတယ် . . . (မှန်လှပါဘုရား)။

## အားနည်းတဲ့ဝိပဿနာဖြစ်နေတယ်

ဘာဝိပဿနာတဲ့လဲ. . . (အားနည်းတဲ့ဝိပဿနာပါဘုရား)၊ အားနည်းတဲ့ဝိပဿနာဆိုတာ မောင်ထွန်းလှိုင်တို့၊ မောင်ကိုတို့က စဉ်းစားစမ်း၊ ဘာမကျွာလို့ အားနည်းတာပါလိမ့် . . . (ဒိဋ္ဌိမကျွာလို့ပါဘုရား)၊ ဒိဋ္ဌိမကျွာလို့နော်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)၊ ဒိဋ္ဌိ ဘယ့်နှယ်ကြောင့်မကျွာသတုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ရှုနေလို့. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ဒိဋ္ဌိ ဘယ့်နှယ်ကြောင့် မကျွာပါလိမ့်. . . (ပဋိစ္စသမုပ္ပါဒ်နားမလည်ဘဲနဲ့ ရှုနေလို့)၊ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ရှုပြီးသကာလနေတော့ ဒကာ ဒကာမတို့ အားနည်းတဲ့ဝိပဿနာဖြစ်ပြီးသကာလတဲ့ ရှုလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း တစ်ခါတည်း အနိစ္စရှုလိုက်၊ ပျောက်သွားလိုက်၊ အနတ္တရှုလိုက် ပျောက်သွားလိုက် မနေ့ကပြောသလို ဒကာ ဒကာမတွေပျောက်သွားလိုက် . . . ကြောက်သလိုလိုဖြစ်လိုက်. . . (မှန်ပါ့)၊ ဘာအားကိုးရပါ့မတုံးဆိုတဲ့ နောက်စိတ်ပေါ် လိုက်၊ ဒီလိုချည်းပဲမနေဘူးလား. . . (နေပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ဝိပဿနာရှုနေလို့ ကြောက်မှု၊ အားကိုးရာမှု ပေါ်ပေါ်နေတယ်. . . (မှန်လှပါဘုရား)၊ ရှင်းကြပလား. . . (ရှင်းပါ

ပြီ)၊ အဲဒီတော့ ကြောက်မှု၊ အားကိုးမှုတွေပေါ်၊ပေါ်နေတယ်ဆို တာ ဒကာ ဒကာမတွေ လေးလေးစားစားမှတ်ပါ. . . (မှန်ပါ့)။

## တရားထူးလိုချင်လို့လာတာ

အဲဒါကြောင့် အရှင်အာနန္ဒာဆီ သွားပြီးသကာလ ဩော်. . . အရှင်အာနန္ဒာတွေ့လိုက်တယ်၊ အရှင်ဆန္နသည်ကား လို့ဆိုရင် ယူဇနာပေါင်းများစွာ ဝေးတဲ့ဆီကငါ့ဆီလာခဲ့တယ်၊ တရာထူးလိုချင်လို့ သူတို့လိုချင်တဲ့တရားကလည်း သူရှိနေတာပဲ၊ ခုနက ဟိုကိုယ်တော်တွေဟောတဲ့ တရားလည်းမှန်တာပဲ၊ သူရှိ နေတာက ပစ္စယပရိဂ္ဂဟဉာဏ် မပါဘဲနဲ့ (ဝါ) ပဋိစ္စသမုပ္ပါဒ် နား မလည်ဘဲ အားနည်းတဲ့ဝိပဿနာနဲ့ ရှိနေတဲ့အတွက် ဒုက္ခအဆုံး မှာ နိဗ္ဗာန်ပေါ်ဖို့ဟာ မပေါ်လာဘူး. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒုက္ခအဆုံးမှာ. . . (နိဗ္ဗာန်ပေါ်မလာပါ)၊ ပေါ်လာကြရဲ့ လား. . . (မပေါ်ပါဘုရား)၊ ကိုင်း ဒကာ ဒကာမတို့အားလုံး ဂရု စိုက်ပြီးတော့မှတ်ပါ၊ ခင်ဗျားတို့ရှိနေတဲ့ ဟောဒီဖြစ်ပျက်ဟာ ဘာ သစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒါသာ ဆုံးအောင်လိုက်၊ ဒါကို မလိုချင်တော့ပါဘူးလို့ ဆုံးအောင်လိုက်လို့ရှိရင် ဟောဒီ နေရာမှာ နိဗ္ဗာန်ပေါ်ရမယ်. . . (မှန်ပါ့)။

## နိဗ္ဗာန်သည် မသေခင်တွေ့ရမှာ

ဖြစ်ပျက်ဆုံးတဲ့နေရာမှာ ဘာပေါ်ရမယ်. . . (နိဗ္ဗာန်ပေါ် ရပါမယ်ဘုရား)၊ အဲဒါ. . . နိဗ္ဗာန်သည် ခင်ဗျားတို့သေမှတွေ့ရမှာလား, မသေခင်တွေ့ရမှာလား. . . (မသေခင်တွေ့ရမှာပါဘုရား)။

အဲ. . . ဘာဆုံးအောင်လိုက်ရမလဲ. . . (ဒုက္ခဆုံးအောင်လိုက်ရပါမယ်)၊ ဒုက္ခဆိုတာ ဘာပါလိမ့်ဗျာ. . . (ဖြစ်ပျက်ပါ)၊ အဲ ဒုက္ခဆိုတာသည် ဖြစ်ပျက်ပေါ့ဗျာ. . . (မှန်ပါ့)။

အဲ. . . ဖြစ်ပျက်ဟာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီ ဒုက္ခသစ္စာကိုသာ ဒကာ ဒကာမတွေက မလိုချင်တဲ့ဉာဏ်နဲ့သာရှုပေး၊ ဖျတ်ဆို ကိုယ့်ရှေ့တွင် ချုပ်သွားလိမ့်မယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ကိုယ့်ရှေ့တွင် . . . (ချုပ်သွားပါလိမ့်မယ်)။

## ဒုက္ခချုပ်တဲ့နေရာ နိဗ္ဗာန်အစားထိုးတယ်

အဲ. . . ကိုယ့်ရှေ့တွင် ချုပ်သွားလို့ရှိရင်ဖြင့် ဒုက္ခချုပ်လို့ရှိရင်ဖြင့် ဒုက္ခချုပ်တဲ့နေရာ ဘယ်သူအစားထိုးမယ်ထင်သတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ အဲ. . . ဒုက္ခမရှိတဲ့ နိဗ္ဗာန်အစားထိုးလာတယ်. . . (မှန်ပါ့)၊ အဲဒီတော့ ကိုယ်ကအဆုံးမလိုက်လို့ မတွေ့တာနော်. . . (မှန်ပါ့)၊ အဆုံးမလိုက်တာကလည်း ဒကာ ဒကာမ

တို့ ဒုက္ခရှိမှန်းမသိတော့လည်း မလိုက်ဘူးပေါ့ဗျာ. . . (မှန်လှပါ ဘုရား)။

ကဲ. . . ဒါ လုပ်တတ်ကြပလား. . . (လုပ်တတ်ပါတယ် ဘုရား)၊ ကဲ. . . ဒါဖြင့် ဘုန်းကြီးတို့ ခဏခဏပြောနေတာ၊ ဖြစ်ပျက်မြင်အောင်ရှုပါ၊ ဖြစ်ပျက်မုန်းအောင်ရှုပါ၊ ဖြစ်ပျက်ဆုံးအောင် ရှုပါဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ သင်ထားတယ်မဟုတ်လား . . . (သင်ထားပါတယ်ဘုရား)၊ အေး. . . ဒါကြောင့် ဒီအတိုင်း လိုက်ပါ၊ ဒါနဲ့ အရှင်အာနန္ဒာက အကဲခတ်လိုက်တယ်၊ ဩော် . . . ရှင်ဆန္န, ဘယ့်နှယ်ကြောင့် ဒီပြေးလာပါလိမ့်မတုံး သူပြေး လာပုံသည်ကားဆိုလို့ရှိရင် ထူးခြားတယ်၊ တရားလည်း အင်မတန်လိုချင်တယ်ဆိုပြီးသကာလ သူပြေးလာတယ်။

ပြေးလာတော့ ဒီပုဂ္ဂိုလ်ကလည်း လူ့ခွဆိုတာ အရှင် အာနန္ဒာက သိပြီးသားနော်၊ အင်မတန်မှကြမ်းတမ်းတဲ့ပုဂ္ဂိုလ်တစ် ဦးတစ်ယောက်ဖြစ်ပြီးသကာလနေတော့၊ အခုမှ စိတ်ကျပြီး သကာလ သူ တရားထူးတရားမြတ် ရှာမယ်လို့ဆိုပြီး၊ သူ ရှာပြန် တော့လည်း သူရှာတဲ့တရားက ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့၊ တွေ့ရာကို ဖြစ်ပျက်ရှုနေတာကိုးလို့ မောင်ထွန်းလှိုင်တို့၊ မောင်ကိုတို့ အရှင် အာနန္ဒာက အကဲခတ်မိတယ်. . . (မှန်လှပါ)။

## နားမလည်ဘဲနဲ့ဖြစ်ပျက်ရှုနေတာ

ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ တွေ့ရာကို ဖြစ်ပျက်ရှုတယ်၊ တွေ့ရာကို အနိစ္စရှုနေတာပဲ. . . (မှန်ပါ့)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ လိုနေသေးတဲ့အချက်ကလေးတွေကော ဒကာ ဒကာမတွေ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

ဘာနားလည်ဖို့ လိုသလဲ (ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ လိုပါတယ်ဘုရား)။

အဲ. . . ကိုယ့်သန္တာန်မှာ ဟောဒါက ရှေ့ဖြစ်တာ၊ ဟောဒါက နောက်ဖြစ်တာ၊ အင်း. . . ဒီထက်နောက်ကျအောင်ဖြစ်တယ်ဆိုတာ ဒီစိတ်စဉ်ကလေးတွေ, ရုပ်စဉ်ကလေးတွေ တန်းနေတာကို သိမှသာလျှင် တစ်ခုပြီးမှတစ်ခုဖြစ်တာ သိမှသာလျှင် ပုဂ္ဂိုလ် သတ္တဝါ ပျောက်မှာကိုးဗျ. . . (မှန်လှပါဘုရား)။

စိတ်စဉ်သာရှိတယ်၊ ရုပ်စဉ်သာရှိတယ်၊ ယောကျ်ား, မိန်းမ မရှိဘူးဆိုရင် မပေါ်လာသေးဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ဒိဋ္ဌိပြုတ်တဲ့တရားဟောမှတော်မယ်

အဲဒီအခါကျတော့ ဗလဝ ဝိပဿနာဖြစ်ပါပြီတဲ့၊ အဲဒီ အချိန်ကျမှ ရှုလို့ရှိရင် နိဗ္ဗာန်ရပါတယ်တဲ့. . . (မှန်ပါ့ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

အဲဒီမှာ ရှင်အာနန္ဒာက အကဲခတ်ပြီးသကာလ ကြည့်လိုက်တဲ့အခါကျတော့ ဪ. . . ဒါဖြင့် ရှေးဦးစွာ ဒိဋ္ဌိဖြုတ်တဲ့တရား သူ့ကိုဟောမှ တော်မယ်. . . (မှန်ပါ့)၊ ပေါ်လာပြီ ဒကာဒကာမတို့. . . (မှန်ပါ့ဘုရား)၊ အရှင်အာနန္ဒာက ဘယ်လိုအကဲခတ်ပါလိမ့်. . . (ဒိဋ္ဌိဖြုတ်တဲ့တရားဟောမှတော်မယ်)။

ဒိဋ္ဌိဖြုတ်တဲ့တရားကို သူ့ကိုအရင်ဟောမှ တော်မယ်ဆိုပြီးသကာလ သူစိတ်ကူးတယ်၊ ဟာ. . . ဒါဖြင့် ငါ့ရှင်ဆန္န သင်မပူနဲ့တော့၊ ဒီကိုယ်တော်အကြောင်း ကောင်းကောင်းသိပြီ၊ ဒိဋ္ဌိမပြုတ်ဘဲနဲ့ သူရှုနေတာ ပဋိစ္စသမုပ္ပါဒ် မပါဘဲနဲ့ သူရှုနေတာဦးခင်မောင်သိပြီနော်. . . (မှန်လှပါဘုရာ)။

## ငါ့ရှင်မပူနဲ့ တရားရတော့မှာ

အဲဒီတော့ ငါ့ရှင်မပူနဲ့၊ ငါ့ရှင်တရားရတော့မှာပဲဆိုတော့သင့်အကြောင်း ငါသိပါပြီကွာ၊ အကဲလည်း အကုန်ခတ်မိပါပြီကွာ၊ သင် တရားလိုချင်တယ်ဆိုတာ ငါယုံကြည်ပါပြီ၊ သင် အခုလိုချင်လို့ တောင်းတဲ့တရားကို တောင်းတာနဲ့ ငါက ဝမ်းသာလှပြီ၊ သင် သေသေချာချာ တရားရမည့်ပုဂ္ဂိုလ်ဆိုတော့ သူ့စိတ်ထဲလည်း မောင်ထွန်းလှိုင်တို့၊ မောင်ကိုတို့ ရွှင်မသွားပေဘူးလား. . . (ရွှင်သွားပါတယ်ဘုရား)။

## ဝိပဿနာမဟောသေးဘူး

ရှင်သွားတဲ့အချိန်ကျတော့မှ ဒိဋ္ဌိဖြုတ်ခန်းကိုဟောတာ ဝိပဿနာမဟောဘူး. . . (မှန်လှပါ)။

ဒကာ ဒကာမတို့ ဘာဟောမယ်ထင်သတုံး. . . (ဒိဋ္ဌိဖြုတ်ခန်းကိုဟောပါတယ်ဘုရား)၊ ဒိဋ္ဌိ ဖြုတ်ခန်းကို ဟောတော့မယ်ဆိုတော့ သူက နဂိုတုန်းက သမ္မာဒိဋ္ဌိကို ကောင်းကောင်း မဖြစ်ခဲ့ဘူးဦးခင်မောင်ရေ. . . (မှန်လှပါဘုရား)၊ သမ္မာဒိဋ္ဌိအစစ်သွားရင် မဂ်ဖြစ်သွားမှာပေါ့. . . (မှန်ပါဘုရား)။

အဲဒါကို ကောင်းကောင်းမဖြစ်တဲ့အတွက် ဒါနဲ့ ငါ့ရှင်ငါပိဋကတ်သုံးပုံမှာ မင်းနဲ့တော်တဲ့တရား ကြည့်ဦးမယ်ဆိုပြီး သကာလ အရှင်အာနန္ဒာက လျှောက်ရှာလိုက်တယ်၊ သူက ပိဋကတ်သုံးပုံကို ထုံးလိုမွှေ ရေလိုနှောက်နေတဲ့ပုဂ္ဂိုလ်ကိုး. . . (မှန်ပါ့ဘုရား)။

## ကစ္စာယနအနွယ်ရဟန်း

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကစ္စာယနအနွယ် ရဟန်းကိုဟောတဲ့ ဒိဋ္ဌိဖြုတ်ခန်းကိုကောက်တယ် . . . (မှန်ပါ့)၊ ဘယ်သူကဟောမှာတုံး. . . (အရှင်အာနန္ဒာက ဟောမှာပါ)၊ ဘာဖြုတ်ခန်းဟောမှာတုံး. . . (ဒိဋ္ဌိဖြုတ်ခန်းဟောမှာပါ)၊ ဝိပဿနာမဟောသေးဘူးနော်. . . (မှန်ပါ့)။

ဘာပောာမယ်ထင်ကြသတုံး. . . (ဒိဋ္ဌိဖြုတ်ခန်း ပောာပါ တယ်)။

အဲ. . . ဒိဋ္ဌိဖြုတ်ခန်းကိုပောာပြီးတော့မှ ဝိပဿနာ သူ့ အရှုခိုင်းမှ ရဟန္တာဖြစ်မယ်. . . (မှန်ပါ့ဘုရား)၊ ဒါဖြင့် ဘုန်းကြီးတို့ တရားတစ်ပွဲလုံး ဒကာ ဒကာမတွေ သေချာကြပလား. . . (သေ ချာပါတယ်)၊ ဘယ်ဟာအရင် လုပ်ရမှာတုံး. . . (ဒိဋ္ဌိဖြုတ်ခန်း အရင်လုပ်ရမှာပါ)၊ ဒိဋ္ဌိဖြုတ်ပြီးတော့မှ ဘာလုပ်ရမယ်. . . (ဝိပဿနာရှုရပါမယ်ဘုရား)။

## သင်နဲ့အတော်ဆုံးဒိဋ္ဌိဖြုတ်တဲ့တရား

အဲ- ဒိဋ္ဌိဖြုတ်ပြီးမှ ဝိပဿနာရှုရမယ်ဆိုတာ အရှင် အာနန္ဒာ ပိဋကတ်သုံးပုံမှာ ရှာလိုက်တဲ့အခါ ဦးခင်မောင်ရေ . . . ဒီပုဂ္ဂိုလ်ဟာ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဒိဋ္ဌိခွာနည်း နိသရည်းကို မရဘဲနဲ့ ဝိပဿနာရှုလာတဲ့အတွက် သူ့မှာဖြင့် နိဗ္ဗာန်ဆိုတာ မပေါ်လာဘဲနဲ့ ဖြစ်ပြီးသကာလနေတာ၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပောာတဲ့ ဒိဋ္ဌိဖြုတ်ခန်းကို ကစ္စာယနအနွယ်ဖြစ်တဲ့ ရဟန်းကိုပောာ တဲ့တရားကိုမှ ပောာရမယ်၊ ငါ့ရှင် သင်မပူနဲ့ ဒီတရားဟာ ပိဋကတ် သုံးပုံထဲမှာ သင်နဲ့အတော်ဆုံးပဲ၊ ဒိဋ္ဌိဖြုတ်တဲ့တရား. . . (မှန်ပါ့ ဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါဟုတ်ကဲ့လား

သေချာကြပလား. . . (သေချာပါတယ်ဘုရား)၊ ဒါဖြင့် ဘာပြောမယ်ထင်ကြသတုံး. . . (ဒိဋ္ဌိဖြုတ်တဲ့တရားကိုပြောပါတယ်)၊ အဲ. . . ဒိဋ္ဌိဖြုတ်တဲ့တရားဆိုတော့ ဒကာ ဒကာမတွေ ဘုန်းကြီးက ခင်းလာတာက ၄,၅ ရက်တောင်ရှိနေတော့ ဒကာ ဒကာမတို့ ဖဿဟာလည်း ဖဿပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား)။

ဝေဒနာကော. . . (ဝေဒနာပါပဲဘုရား)

တဏှာဟာကော. . . (တဏှာပါပဲဘုရား)

ဥပါဒါန်ဟာကော. . . (ဥပါဒါန်ပါပဲဘုရား)

ကံဟာကော. . . (ကံပါပဲဘုရား)။

ဒကာ ဒကာမတို့ သန္တာန်လည်း ဒါပဲရှိတယ်တဲ့၊ တွေ့တယ်ဆိုတော့ ဖဿကတွေ့တာပဲ. . . (မှန်ပါ)၊ ကောင်းလိုက်တာဆိုတော့ ဝေဒနာက ကောင်းနေတာပဲ. . . (မှန်ပါ့ဘုရား)၊ လိုချင်လိုက်တာဆိုတော့. . . (တဏှာကလိုချင်တာ)၊ ပုဂ္ဂိုလ်သတ္တဝါ ပါသေးသလား. . . (မပါပါဘုရား)၊ မရမနေနိုင်ဘူးဆိုတော့. . . (ဥပါဒါန်ပါဘုရား)။

အင်း. . . ဥပါဒါန်ဖြစ်တာပဲ၊ ကာယကံ, ဝစီကံတွေနဲ့ . . . ကာယကံနဲ့သွား၊ ဝစီကံနဲ့ပြောပြန်တော့ကော. . . (ကံပါဘုရား)၊ ကံပဲဖြစ်နေတယ်၊ ပုဂ္ဂိုလ် သတ္တဝါပါသေးလား. . . (မပါ

ပါဘုရား)၊ ဒါကို ဟောလိမ့်မယ်၊ ဟော့. . . ဒီထဲ ပုဂ္ဂိုလ်သတ္တဝါ ပါသလားကွ, မပါဘူးလားကွ၊ ရှင်ဆန္ဒ. . . ကြည့်စမ်းကွ၊ ဒါတွေကို အရင်ခင်းလိမ့်မယ်နော်. . . (မှန်ပါ့ဘုရား)။

## ရှင်ဆန္ဒချက်ချင်းရဟန္တာဖြစ်တယ်

ခင်းပြီးတော့မှ ဖြစ်ပျက်အရှုခိုင်းလိုက်မယ်၊ အဲဒီ အရှုခိုင်းလိုက်တော့မှ ချက်ချင်း ရဟန္တာဖြစ်မယ်. . . (မှန်ပါ့)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာရှေ့နားမှာ ဘာအရင်လုပ်ဖို့အရေးကြီးသတုံး. . . (ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဒိဋ္ဌိခွာချင်ရင် ဒီ ပဋိစ္စသမုပ္ပါဒ် အတန်းကို နားလည်ရမယ်. . . (မှန်ပါ့)၊ အတန်းနားလည်ရင် ဒိဋ္ဌိကွာတာပဲ. . . (မှန်ပါ့ဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

**ကဲ. . . ယနေ့ ဒီတွင်တော်ကြဦးစို့။**

**သာဓု. . . သာဓု. . . သာဓု။**